
စာပေမြိုင်

# အာမာဒဲလ် မှော်ဝင်ကျမ်း

ရေမံ

ဘာသာပြန်ဆိုသည်



# GRIMOIRE of ARMADEL

Liber Armadel seu totius cabalae perfectissima brevissima et infallabilis scientia tam speculativa quam practiqua

ဤစာအုပ်တွင် ကတ်ဗေဒင်သမိုင်းချုပ်နှင့်အတူ ရှေးအရုတ်ဦးဂိုဏ်းလက်ဝဲ

“တားရော့ကတ်သုံး” ရှေ့ဖြစ်ဟောနည်းစနစ်အကြောင်းများစွာ ထည့်သွင်းဖော်ပြထားပါသည်။

mgyoe.com SAMPLE BOOK



MacGregor Mathers

ဗြိတိန်လူမျိုး လောကီပညာရှင်ဖြစ်ပြီး
အာရုံဦးဂိုဏ်းတော်ရဲ့ ပင်မတည်ထောင်သူဖခင်ကြီး
လေးဦးထဲက တဦးအပါအဝင်ဖြစ်ပါတယ်။ အနောက်တိုင်း
မဟာဂန္ဓာရီပညာရဲ့ အခရာကျဆုံးသော ကျမ်းရင်းများဖြစ်တဲ့
ဘေရာမာလင်ကျမ်း ဓါအာဘာအဖွင့်ကျမ်း ဆော်လမွန်မော်ဝင်ကျမ်း
အာမာဒဲရ်မော်ဝင်ကျမ်းနဲ့အတူ ဤနေ့ာခ်ီးယန်းပညာများအတွက်
ပညာမြကျမ်း အဖွင့်ကျမ်း လက်သုံးကျမ်းများမှာ ဘာသာပြန်ဆို
တည်းဖြတ်ထုတ်ဝေပေးနိုင်ခဲ့တဲ့ ရှေ့ဦးဂမ္ဘီရဝိဇ္ဇာတဆူဖြစ်ပါတယ်။
ဗြိတိန်လူမျိုးကဝေကြီး အလိုင်စတာခရောင်လီရဲ့ ကမ္ဘာရန်ဘက်ကြီး
ဖြစ်ခဲ့တဲ့အပြင် အကြောင်းအရင်းမသိရတဲ့ ဝေဒနာကြောင့်
၁၉၁၈ ခုနှစ်မှာ ဆုံးပါးကွယ်လွန်သွားခဲ့ပါတယ်။
အနောက်တိုင်းမှော်ပညာကို အရှိန်အဟုန်နဲ့အမျှ
တခေတ်ဆန်းစေနိုင်ခဲ့သူအဖြစ်
သမိုင်းတင်ခံရသူဖြစ်ပါတယ်။

အာမာဒဲလ်မော်ဝင်ကျမ်း


9 782025 001484

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၄၈)

ပုံနှိပ်မှတ်တမ်း




# အာမာဒဲလ်မော်ဝင်ကျမ်း

ဧရုမ်


ထုတ်ဝေသည့်အကြိမ် • ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ မေလ

စာအုပ်ဒီဇိုင်း • မောရိသျှ အလင်း

ထုတ်ဝေသည့်အုပ်ရေ • ၁၀၀၀

စာအုပ်တန်ဖိုး • ၁၅၅၀၀

ထုတ်ဝေသူ • ဦးပြည့်အာကာ (၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ်(၃၀၈)၊ သဘော်ကျင်း (၂) လမ်း
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ • ဒေါ်မျိုးမျိုးသန့် (မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် (၁၁)၊ (၅၆) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး • စာရိပ်မြိုင်စာပေ၊ အမှတ်(၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်းလမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနှင့် အနော်ရထာလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

ဧရုမ်
အာမာဒဲလ်မော်ဝင်ကျမ်း / ဧရုမ်။ ရန်ကုန်
စာရိပ်မြိုင်စာပေ၊ ၂၀၂၅။
စာမျက်နှာ - ၂၅၆၊ ၁၃.၉၇ စင်တီ x ၂၀.၃၂ စင်တီ
(၁၄၈) အာမာဒဲလ်မော်ဝင်ကျမ်း


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

## တားရော့ပညာ

လောကီပညာရပ်ဆိုင်ရာအရေးပါမှု၊
ရှေ့ဖြစ်ပညာဆိုင်ရာဆက်နွယ်မှုနဲ့ ဟောကြားပုံနည်းစနစ်များ


- ကတ်ဗေဒင်
- တားရော့မိတ်ဆက်
- တားရော့ကတ်များ
- ဝိသေသလက္ခဏာများ
- ကိုယ်စားပြုအဓိပ္ပါယ်များ
- ရှေ့ဖြစ်ဟောနည်းစနစ်များ
- ငါးကတ်ဟောနည်း
- ကိုးကတ်ဟောနည်း
- ဝေပုံကျ(၁၁)ကတ်ဟောနည်း
- ပိရမစ်(၁၀)ကတ်ဟောနည်း
- တားရော့ပညာရှင်တိုင်း လိုက်နာသင့်သည့် ပရောဖက်ကျင့်ဝတ်


## ရွှေအရုဏ်ဦးဂိုဏ်း

ဟာမစ်တစ်အယူတော်ခံ ရွှေအရုဏ်ဦးဂိုဏ်း သမိုင်းအကျဉ်းချုပ်


- ပဏာမ
- ဂိုဏ်းတော်ကြီးမတည်ထောင်ရသေးခင်ရှေ့နှစ်များ
- ကနဦးတည်ထောင်သူများ
- ပြဿနာပဋိပက္ခများ
- အချိန်သမိုင်းအကျဉ်း


mgyoe.com

mgyoe.com

SAMPLE BOOK

# အာမာဒဲလ်မှော်ဝင်ကျမ်း

ကာဘာလာဟ်အသိဉာဏ်ပညာကျမ်းတော်လာ
အမြတ်ဆုံးသောအာမာဒဲလ်အရှင်မြတ်များမဟာဝင်နှင့်
ဖိတ်ကြားဆင့်ခေါ်ရေးဆိုင်ရာ နည်းလမ်းများ ပြဆိုရာကျမ်း

- အမှာစာ
- အာမာဒဲလ်မှော်
- ဘိုးဘေးတို့ရဲ့သီယိုဆိုဖီ
  ပုရာဏမဟာဝံသဒဿနကထာ
- ဘိုးဘေးတို့ရဲ့ဂမ္ဘီရဂန္ဓာရီသီယိုလော်ဂျီ
  ပုရာဏစမ္မဝိဇ္ဇကဒဿနကထာ

## အာဒိကာရဂမ္ဘီရစမ

- သိဒ္ဓိတင်နည်း
- ဆီဦးဘိသိက်ခံခြင်း
- အဆောင်လက်ဖွဲ့ စွမ်းမစွမ်းသိအောင်စမ်းသပ်နည်း
- ဂမ္ဘီရမှော်တောင်ဝှေးစီရင်နည်း
- စိတ်ဝိညာဉ်သန့်စင်ခြင်းအစီအရင်
- အဆုံးသတ်ဆုတောင်း

mgyoe.com

mgyoe.com SAMPLE BOOK

# အထူးမှတ်ချက်

ဆော်လမွန်မှော်ဝင်ကျမ်းရဲ့ နောက်ဆက်တွဲ အာမာဒဲလ်မှော်ဝင်ကျမ်းဟာ အနောက်တိုင်း မဟာဂမ္ဘီရပညာ လိုက်စားသူတိုင်း မဖြစ်မနေ လေ့လာသင်ယူကြရတဲ့ အထက်လမ်းစဉ် ရှေးဦးပညာသင်လက်စွဲစာအုပ်ဖြစ်ပါတယ်။ ကာဘာလာပညာကို အခြေခံပြီး ပြုစုရေးသားထားတယ်လို့ စာအုပ်ပါ အကြောင်းအရာတွေအရ သိရပေမဲ့၊ တင်ပြပုံ ဖွဲ့စည်းပုံတွေအရ ရှေးကျမ်းတွေကို အမှီပြုပြီး ထပ်တိုးပြုစုထားတဲ့ ကျမ်းမျိုး မဟုတ်ဘဲ ကိုယ်ပိုင်သီးသန့်အာဘော်နဲ့ သီးခြားတွေးခေါ်မှုတွေကို ကာဘာလာပညာနဲ့ တွဲစပ်ပြီး ရေးသားထားတာမျိုး ဖြစ်ပါတယ်။

အာမာဒဲလ် ဆိုတဲ့ မူရင်းစာရေးသူရဲ့ ဇာတိဇာစ်မြစ်လည်း မသိရသလို၊ ဘယ်ခေတ်က ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်တယ်ဆိုတာကို ဘယ်သူမှ မသိနိုင်တော့ပါဘူး။ ယခုအာမာဒဲလ်မှော်ဝင်ကျမ်းကို ဆော်လမွန်မှော်ဝင်ကျမ်းရဲ့ နောက်ဆက်တွဲ ထပ်တိုးကျမ်းတခု အနေနဲ့ ရှေးက ယူဆခဲ့ကြပေမဲ့၊ နှောင်းပိုင်းမှ သီးခြား ကျမ်းစောင်တစောင် ဖြစ်နေကြောင်း သိရပါတယ်။

ရွှေအရုဏ်ဦးဂိုဏ်း ပေါ်ပေါက်လာခဲ့ပြီးတော့မှသာ အာမာဒဲလ်ကျမ်းလည်း မဟာဂန္ဓာရီ မဟာဂမ္ဘီရ လိုက်စားသူတို့ အကြား လူသိများသွားခဲ့တာ ဖြစ်ပါတယ်။ ဆော်လမွန်မှော်ဝင်ကျမ်းနဲ့ မတူတဲ့ အချက်က နတ်ဆိုးတွေကို နတ်ဆိုးအဖြစ် မဆိုဘဲ၊ ကောင်းကင်တမန်တော်တွေအဖြစ်သာ တင်ပြထားမှုဖြစ်ပါတယ်။ ဂန္ဓာရီလမ်းစဉ်ပညာရှင်များအဆိုအရ ဆော်လမွန်မှော်ဝင်ကျမ်းလာ နတ်ဆိုးတွေကို တန်ပြန် ထိန်းချုပ်နိုင်တဲ့ ကောင်းကင်နတ်တမန်တွေက အာမာဒဲလ်ကျမ်းမှာ ရှိတယ်လို့ ပြောကြပေမဲ့၊ အာမာဒဲလ်ကျမ်းထဲမှာတော့ ယင်းအဆိုနဲ့ ပတ်သက်ပြီး ဘာမှ ထွေထွေထူးထူး ပြောထားတာမျိုး မရှိပါဘူး။

S.L. MacGregor Mathers ရဲ့ သီးခြား မှတ်ချက်စကားအရ အာမာဒဲလ်ကျမ်းလာ မန္တာန်တွေနဲ့ အစီအရင်တွေက ဂန္ဓာရီပညာ လိုက်စားသူတိုင်း မဖြစ်မနေ သိအပ်သိထိုက် တတ်အပ်တတ်ထိုက်တဲ့ ပညာတွေဖြစ်တယ်လို့ ဆိုပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ယုံကြည်ရာ သက်ဝင်ရာ ကိုးကွယ်ရာ ဘာသာတရားအလိုက် လွတ်လပ်စွာ လေ့လာနိုင်ပြီး၊ စည်းကြပ်မှု အလျဉ်းမရှိတာကြောင့် အာမာဒဲလ်မော့ဝင်ကျမ်းဟာ အနောက်တိုင်း ဂမ္ဘီရလောကမှာ ရှာမှရှား သီးခြား ရပ်တည်နေတဲ့ ဂန္ထဝင်ကျမ်းစောင် တစောင် ဖြစ်ပါတယ်။

ယခုစာအုပ်မှာ အာမာဒဲလ်မော့အပြင် ရှေးအရက်ဦးဂိုဏ်း တည်ထောင်သူ MacGregor Mathers ကိုယ်တိုင် ပြုစုထားတဲ့ တားရော့ပညာအကြောင်းကိုလည်း မြန်မာဘာသာပြန်ဆို ထည့်သွင်းထားပါသေးတယ်။

ဇာတိပဝတ္တိ တိကျသေချာ သိသွားရအောင် ရှေးအရက်ဦးဂိုဏ်းရဲ့ သမိုင်းအကျဉ်းကိုလည်း လိုတိုရှင်း ထည့်သွင်းဖော်ပြထားပါသေးတယ်။ လေ့လာလိုသူအပေါင်းနဲ့ အတူ စိတ်ဝင်စားသူအားလုံးအတွက် အကျိုးရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ယခုစာအုပ်ပါ အကြောင်းအရာတွေက အနောက်တိုင်း မဟာဂန္ဓာရီ မဟာဂမ္ဘီရပညာရပ်ဆိုင်ရာ ဂန္ထဝင်ရှေးဟောင်းကျမ်းတွေကို ဘာသာပြန်ဆိုထားတာဖြစ်တဲ့ အတွက်၊ မရည်ရွယ် မဆိုလိုပါဘဲ ဒေသန္တရ ယုံကြည်မှုတွေ၊ ကိုးကွယ်မှုတွေ၊ ဓလေ့ထုံးတမ်း အစဉ်အလာတွေ၊ ဘာသာစကား အလေ့အထ ယဉ်ကျေးမှုတွေအပေါ် အကြောင်းတိုက်တိုက်ဆိုင်ဆိုင် ထိပါးစော်ကားသလို ဖြစ်သွားခဲ့ရင် မရည်ရွယ်ပါကြောင်းနဲ့ အမြင်မလွဲကြပါစေကြောင်း ကြိုတင် မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်။

အားလုံးအတွက် အကျိုးရှိပါစေကြောင်း ဆန္ဒမွန်ပြုလျက်

ဧရာမ် မောရိသျှ

mgyoe.com

mgyoe.com SAMPLE BOOK

# တားရော့ပညာ

လောကီပညာရပ်ဆိုင်ရာအရေးပါမှု၊
ရှေ့ဖြစ်ပညာဆိုင်ရာဆက်နွယ်မှုနဲ့
ဟောကြားပုံနည်းစနစ်များ

mgyoe.com

mgyoe.com SAMPLE BOOK

[illegible]


[illegible]

[illegible]

[illegible]

mgyoe.com

mgyoe.com SAMPLE BOOK



# ကတ်ဗေဒင်

ပေါ့ပေါ့ပါးပါး စိတ်ပြေလက်ပျောက် ကစားဖို့အတွက် တီထွင်ထားတဲ့ ဖဲချပ်ကတ်တွေကို အသုံးပြုပြီး ရှေ့ဖြစ်ဟောတဲ့ပညာကို ကတ်ဗေဒင်လို့ ခေါ်ပါတယ်။ အခြေအမြစ် အရင်းအမြစ် တိတိကျကျ ခိုင်ခိုင်မာမာ မရှိပေမဲ့ ကတ်ဗေဒင်ဟောကြားမှု အစဉ် အလာမှာ အများလက်ခံထားမှုအရ ကတ်ဗေဒင်ဆိုတာက အီဂျစ်တွေလက်ထက်ကတည်းက ပေါ်ပေါက်ခဲ့တဲ့ ရှေ့ဖြစ်ဟောပညာ တရပ်ဖြစ်ပါတယ်။

သမိုင်း အရင်းအမြစ်တွေအရ ဖဲချပ်တွေကို ရှေ့ဖြစ်ဟောဖို့ အသုံးချခဲ့တာက ၁၄ ရာစု ကာလ အစောပိုင်းလောက်က စတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ၁၈ ရာစု၊ ၁၉ ရာစု၊ ၂၀ ရာစု စသဖြင့် လွန်ခဲ့တဲ့ နှစ်သုံးရာလောက်ကမှ ကတ်ဗေဒင်အဖြစ် ခေတ်စားလာပြီး မဟာဂမ္ဘီရပညာလိုက်စားသူတို့ လောကမှာ ပညာရပ်တခုအနေနဲ့ နေရာရှိသွားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီကနေ့ခေတ် အလောင်းကစားဝိုင်းတွေမှာ တွေ့ရလေ့ရှိတဲ့ ဂျိုကာကတ်ပါတဲ့ ၅၂ ကတ်ပါ ဖဲထုပ်ကိုပဲ ရှေးရှေးကတည်းက ရှေ့ဖြစ်ဟောဖို့ရာ အသုံးချခဲ့ကြတာပါ။ သမားရိုကျ ဖဲကတ်တွေနဲ့ မတူတဲ့ Piquet လို့ခေါ်တဲ့ ၃၂ ကတ်ပါ ၁၆ ရာစု ဖဲထုပ်တွေကတော့ ပြင်သစ်က ရှေ့ဖြစ်ဟော ဗေဒင်ဆရာ ပရောဖက်တွေရဲ့ လက်စွဲကတ်တွေဖြစ်ပါတယ်။ Piquet ဖဲထုပ်လည်း သမားရိုးကျ ဖဲထုပ်တွေလိုပဲ ဖဲချပ်ရေ ၅၂ ကတ်အထိ ရှိပေမဲ့ ရှေ့ဖြစ်ဟောရင်တော့ အများအားဖြင့် ၃၂ ကတ်ခွဲထုတ်ပြီး ဟောလေ့ ရှိကြပါတယ်။

သမားရိုးကျ ဖဲထုပ်တွေနည်းတူ တားရော့ (သို့မဟုတ်) တာရိုခီ (Tarot or Tarocchi) ကတ်တွေသုံးပြီး ကတ်ဗေဒင်ဟောတဲ့ သီးခြား အစဉ်အလာလည်း ရှိပါသေးတယ်။ သမားရိုးကျ ဖဲထုပ်တွေနဲ့ တူပေမဲ့၊ ကစားနည်း ကွဲပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဟောနည်းကတော့ ကတ်ဗေဒင်တို့ ထုံးစံအတိုင်း အာစရိယဝါဒအပေါ် မူတည်ပါတယ်။ ၁၅ ရာစု အလယ်ပိုင်းခေတ်လောက်ကစပြီး တားရော့ကတ် ကစားနည်းတွေ ပေါ်လာခဲ့တယ်လို့ သမိုင်းမှတ်တမ်းတွေအရ သိရပေမဲ့၊ သမားရိုးကျကတ်တွေနည်းတူ အီဂျစ်တွေ လက်ထက်ကတည်းက ရှိခဲ့တယ်လို့လည်း တားရော့ကတ်သုံး ပရောဖက်တို့ရဲ့ ပါးစပ်ရာဇဝင်တွေအရ သိရပါတယ်။

တားရော့ကတ်ကို ရှေ့ဖြစ်ဟောတဲ့နေရာမှာ အသုံးပြုခဲ့တဲ့ မှတ်တမ်းအတိအကျ မရှိပေမဲ့၊ သမိုင်းပညာရှင် အချို့ရဲ့ ခန့်မှန်းချက်အရ သမားရိုးကျ ကတ်များနည်းတူ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀ ကနေ ၂၀၀ အကြား ဥရောပနိုင်ငံများမှာ လည်ပတ်သွားလာခဲ့ကြတဲ့ ဂျစ်ပစီတွေကြောင့် တားရော့ကတ်သုံး ရှေ့ဖြစ်ဟောပညာ ခေတ်စားလာတယ်လို့ သိရပါတယ်။

အရင်းအမြစ် တိတိကျကျ မရှိပေမဲ့ တားရော့ကတ်နဲ့ပတ်သက်ပြီး အစောဆုံးတွေ့ရတဲ့ သမိုင်းမှတ်တမ်းကတော့ ၁၄၅၀-၁၄၇၀ ခုနှစ်တုန်းက ဒိုမိနိကန်သာသနာပြု ဓမ္မဆရာတွေရဲ့ တရားမှတ်တမ်း မော်ကွန်းတွေမှာ အန်စာတုံး အလောင်းကစား၊ ဖဲချပ်အလောင်းကစားနဲ့ Trionfi လို့ခေါ်တဲ့ တားရော့ အလောင်းကစားတွေ မလုပ်ဖို့ရာ တားမြစ်ထားခဲ့တာတွေကို လေ့လာရတဲ့အတွက်၊ သမိုင်းအသွားအလာအရ အဲဒီခေတ်မတိုင်မီ ကာလကတည်းက တားရော့ကတ်တွေ ရှိခဲ့ပြီးသား ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

၁၄၄၀ ခုနှစ်နဲ့ ၁၄၅၀ ခုနှစ်လောက်က ရေးဆွဲထုတ်လုပ်ထားခဲ့တယ်လို့ ယူဆရတဲ့ Milan နဲ့ Ferrara တားရော့ကတ်ဖဲထုပ်တွေကတော့ ရှေးအကျဆုံးသော သမိုင်းအထောက်အထားတွေပါ။

တားရော့ကတ်ဟာလည်း သမားရိုးကျ ဖဲချပ်တွေနည်းတူ ပေါ့ပေါ့ပါးပါး အပျင်းပြေ ကစားဖို့ရာ တီထွင်ထားခဲ့တာဖြစ်ပါတယ်။ ဘယ်သူတွေ ဘယ်ခေတ်ကတည်းက ဘယ်လိုတီထွင်ခဲ့တယ်ဆိုတဲ့ အချက်ပဲ မသေချာတာဖြစ်ပါတယ်။ ဒါပေမဲ့ ၁၇၈၀ ခုနှစ်လောက် ရောက်တော့မှ သမားရိုးကျကတ်တွေနည်းတူ ရှေ့ဖြစ်ဟောတဲ့နေရာမှာ တွင်တွင် အသုံးချခဲ့ကြတာ ဖြစ်ပါတယ်။

၁၈ ရာစု ပြင်သစ်လောကီပညာရှင်တွေရဲ့ ပါးစပ်ရာဇဝင်တွေအရ တားရော့ဟာ ရှေးပဝေသဏီ အီဂျစ်တွေ လက်ထက်ကတည်းက တည်ရှိခဲ့ပြီး၊ မဟာဂမ္ဘီရ မဟာဂန္ဓာရီ ပညာများနဲ့ ပေါင်းစပ်ဆက်နွယ်နေတယ်လို့လည်း ဆိုကြပါသေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

Kabbalah၊ Tantra နဲ့ I Ching စတဲ့ ရှေးဟောင်း ဘာသာတရားတွေနဲ့လည်း ဆက်စပ်နေကြောင်း အရင်းအမြစ်ပြု ပြောကြတာမျိုး ရှိပါသေးတယ်။ ဒါပေမဲ့ ဘယ်အဆိုကမှ သမိုင်းအထောက်အထား တိတိကျကျ မရှိပါဘူး။

သမိုင်းပညာရှင်တွေရဲ့ ခန့်မှန်းချက်ကတော့ တားရော့ကတ်ကို ရှေ့ဖြစ်ဟောဖို့ အသုံးချခဲ့တာက အစောဆုံး ၁၅ ရာစု ဖြစ်နိုင်ပြီး၊ ၁၈ ရာစုရောက်တော့မှ ကတ်ဗေဒင်နဲ့ အတူ ရေပန်းစား လူသိများလာတယ်လို့ သိရပါတယ်။ ၁၇ ရာစု နှောင်းပိုင်းနဲ့ ၁၈ ရာစု အစောပိုင်းလောက် ရောက်တော့မှ ဥရောပတခွင် ခေတ်စားလာတဲ့ မဟာဂန္ဓာရီ မဟာဂမ္ဘီရ ပညာများနည်းတူ တားရော့ကတ်လည်း လူသိများလာခဲ့တာ ဖြစ်ပါတယ်။

ပြင်သစ် ရှေ့ဖြစ်ဟောဆရာတွေအတွက် အစဉ်အဆက် အသုံးပြုခဲ့တဲ့ ကတ်တွေက Piquet ကတ်တွေဆိုပေမဲ့၊ ၁၈ ရာစု အလယ်ပိုင်း ကာလရောက်တော့ တားရော့ကတ်တွေ ဖြစ်သွားပါပြီ။ မဟာဂန္ဓာရီ အစဉ်အလာတွေနဲ့ မဟာဂမ္ဘီရပညာ လိုက်စားမှုတွေ အရှိန်အဟုန်မြင့် တိုးတက်လာတာနဲ့အမျှ တားရော့ကတ်တွေရဲ့ ဩဇာလည်း တဖြည်းဖြည်းချင်း ကြီးလာခဲ့သလို၊ လောကီပညာရှင်တိုင်း မဖြစ်မနေ တတ်မြောက်ထားရမယ့် အခြေခံပညာတရပ်လို အဆင့်အထိ ရောက်သွားခဲ့ပါတယ်။

ဖရီးမေဆင်ဂိုဏ်းကြီးနဲ့ ခရစ်ယာန်ဂန္ဓာရီပညာလောကမှာလည်း နေရာတခု ရသွားသလို၊ Hermeticism လို့ခေါ်တဲ့ ဟာမစ်တစ်ဝါဒယုံကြည်မှု ကြီးထွားလာတာနဲ့အမျှ တားရော့ကတ်တွေရဲ့ ပညာရပ်ပိုင်းဆိုင်ရာ အနေအထားလည်း လုံးဝကြီး တိုးတက်သွားပါတယ်။ အထူးသဖြင့် ၁၉ ရာစု အစောပိုင်း ပြင်သစ် ဂန္ဓာရီပညာရှင်တွေရဲ့ ဟာမစ်တစ် အတွေးအခေါ်တွေနဲ့ ပေါင်းစပ်ခံလိုက်ရတဲ့နောက် တားရော့ကတ်က ကတ်ဗေဒင်ရဲ့ ပင်တိုင်ခံလို ဖြစ်သွားခဲ့ပါတယ်။

၁၄ ရာစုနဲ့ ၁၈ ရာစု မတိုင်ခင် ကြားကာလတုန်းကတော့ "ဂျစ်ပစီ" တွေလို့ အများသိကြတဲ့ Romani ရိုမာနီလူမျိုးတွေက ကတ်ဗေဒင်ကို ဥရောပတခွင် လှည့်ပတ်သွားလာပြီး ဟောပြောခဲ့ကြလို့လည်း၊ ကတ်ဗေဒင်လို့ ပြောလိုက်တာနဲ့ ရိုမာနီလူမျိုးတွေကို တွဲပြီး သိကြပါတယ်။

ဒါပေမဲ့ သူတို့ရဲ့ ကတ်ဗေဒင်က သမားရိုးကျ ဖဲကတ်တွေနဲ့ Piquet ကတ်တွေကိုပဲ အသုံးပြု ဟောကြားခဲ့ ကြတာဖြစ်ပါတယ်။ ၁၈ ရာစု ပြင်သစ်လူမျိုး ဂန္ဓာရီပညာရှင်တွေက တားရော့ကတ်ကို ပြောင်းလဲ သုံးစွဲခဲ့ပြီးတော့မှသာ သူတို့လည်း သမားရိုးကျ ဖဲချပ်တွေကို စွန့်လွှတ်ပြီး တားရော့ကတ်တွေ အစားထိုး အသုံးပြုခဲ့ကြတာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

## Antoine Court De Gébelin | အန်တွမ်း ကူး ဒဲဟ် ဇေဘလန်

တားရော့ကတ်တွေ အပါအဝင် သမားရိုးကျကတ်တွေက အပျော်အပါး ကစားဖို့လောက်ပဲ မဟုတ်ဘဲ ထူးခြားတဲ့ ဂမ္ဘီရ စွမ်းအင်တွေနဲ့ ဆန်းကျယ်တဲ့ ဂန္ဓာရီပညာ သိဒ္ဓိတန်ခိုးတွေရှိကြောင်း ကနဦး တွေးခေါ်ခဲ့သူက ၁၇၈၁ ခုနှစ် အစောပိုင်းလောက်က နာမည်ကျော်ကြား လူသိများ ထင်ရှားခဲ့တဲ့ ပြင်သစ်လူမျိုး ပရိုတက်စတင့် ဓမ္မဆရာ Antoine Court De Gébelin ဖြစ်ပါတယ်။

မွေးနာမည်ရင်းက Antoine Court ဖြစ်ပြီး ဂန္ဓာရီဂမ္ဘီရ ပညာရပ်တွေကို လေ့လာခဲ့ပြီးတော့မှ သူ့ကိုယ်သူ Antoine Court De Gébelin အဖြစ် နာမည်ပြောင်းခဲ့တာဖြစ်ပါတယ်။

သူ့အဆိုအရ တားရော့ကတ် ဖဲချပ်တွေဟာ ရှေးပဝေသဏီ အီဂျစ်တွေ လက်ထက်ကတည်းက တည်ရှိခဲ့တာဖြစ်ပြီး၊ ကာဘာလာပညာအရ အင်မတန် အစွမ်းထက်ကြတဲ့ ပရောဖက်ဆိုင်ရာ (Prophet) မှော်ဝင်ပစ္စည်း (Arcane) တွေ ဖြစ်ပါတယ်။

သူ့အဆိုအရ ရှေးပဝေသဏီ အီဂျစ် ကိုးကွယ်ယုံကြည်မှုတွေအတွက် အမြင့်မြတ်ဆုံး ကျမ်းစာတစောင်ဖြစ်တဲ့ The Book of Thoth (Emerald Tablets) ကျောက်စိမ်းကျမ်းလာ အဆင့်မြင့် ဂမ္ဘီရမှော်ပညာတရပ်လည်း ဖြစ်ပါတယ်။

၁၇၈၁ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ Le Monde Primitif အဌမတွဲမှာ တားရော့ကတ်ဆိုင်ရာ သူ့အမြင်တွေကို ထည့်သွင်း ဖော်ပြခဲ့တာဖြစ်ပြီး၊ တားရော့ကတ်တွေက အီဂျစ်နတ်ဘုရားတွေနဲ့ တိုက်ရိုက်ဆက်နွယ်နေတယ်လို့ ဆိုပါတယ်။

အီဂျစ်တွေရဲ့ ရုပ်ထွင်းစာ အရေးအသားတွေကို သူ့ခေတ်သူ့အခါတုန်းက ဝှက်စာအဖြေ မဖော်ထုတ်နိုင်ခဲ့သေးပေမဲ့၊ သူ့အဆိုအရ Tarot ဆိုတာက အမှန်တော့

Tar – path | ros – royal

Tarot – The Royal path to Life -ဆိုပြီး ဘာသာပြန်ဆိုခဲ့ပါတယ်။ အခြေအမြစ် မရှိပေမဲ့ လူအများလက်ခံထားကြတဲ့ ကတ်ဗေဒင်ဆိုင်ရာ အယူအဆ တခုလည်း ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK 

## Jean-Baptiste Alliette (Etteilla) | ယန်း ဘတ်ထိစ် အတ်လိအတ်

Antoine Court De Gébelin ကြောင့် ပြင်သစ်အပါအဝင် ဥရောပတခွင်မှာ တားရော့ကတ်ဖဲဒင်က သာမန် ဂျစ်ပစီဗေဒင် မဟုတ်တော့ဘဲ၊ အဆင့်အတန်းရှိသလို ရှေးကျတဲ့ ဂမ္ဘီရပညာရပ်ကြီးတခုလို ဖြစ်သွားခဲ့တဲ့နောက် "ပညာရပ်" တခုအဖြစ် အသွင်ပြောင်းသွားခဲ့ပြီး၊ ဂန္ဓာရီဂမ္ဘီရ လောကီပညာလိုက်စားသူတိုင်းရဲ့ အသည်းစွဲပညာတခုလို ဖြစ်သွားခဲ့ပါတယ်။

တမ်းတမ်းစွဲ လေ့လာလိုက်စားခဲ့ကြတဲ့ ပညာရှင်ပေါင်းများစွာ ရှိတဲ့အနက် တားရော့ကတ်သုံးပြီး ရှေ့ဖြစ်ဟောတဲ့နည်းကို ကနဦး စနစ်တကျ တွေးခေါ်ချမှတ်ခဲ့သူက Jean Baptiste Alliette ဖြစ်ပါတယ်။ ပညာလမ်းစဉ်လောကမှာ Ettelilla အဖြစ် လူသိများ ကျော်ကြားပါတယ်။

Hermes Trismegistus ရဲ့ သင်ကြားချက်တွေကို အခြေခံပြီး တားရော့ကတ်ကို ပြင်ဆင်ရေးဆွဲခဲ့သလို၊ The Book of Thoth - ကျောက်စိမ်းကျမ်းလာ အချက်အလက်တွေကို အခြေခံပြီး ရှေ့ဖြစ်ဟောကြားနိုင်မယ့် နိမိတ်စနည်းတွေကို ချမှတ်ရေးဆွဲခဲ့ပါတယ်။ ကတ်ဗေဒင်ပညာဆိုင်ရာ ကမ္ဘာ့ပထမဆုံးသော အဖွဲ့အစည်းတရပ် ထူထောင်ပေးခဲ့သေးသလို၊ တားရော့ကတ်တွေကို စနစ်တကျ ဟောကြားနိုင်အောင် နည်းသစ်ထွင်ပေးခဲ့သူဖြစ်ပါတယ်။

The Grand Etteilla Deck လို့ ခေါ်တဲ့ အတ်လီအတ်တားရော့ဖဲထုပ်တွေက ရှေးအကျဆုံးနဲ့ စနစ်အကျဆုံးသော ရှေ့ဖြစ်ဟောကတ်တွေ ဖြစ်ပါတယ်။ အခြား တားရော့ဖဲထုပ်တွေနည်းတူ ဖဲချပ်ရေ စုစုပေါင်း ၇၈ ကတ်ပါဝင်ပြီး၊ နက္ခတ္တဗေဒပညာ၊ သဘာဝလောကဓါတုပညာ (ဓါတ်ကြီးငါးပါး ရေ၊လေ၊မြေ၊မီး၊အာကာသ)တွေနဲ့ ပေါင်းစပ်ထားတဲ့ တားရော့တွေ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

## Tarot of Marseilles | မာဆေးတားရော့

၁၅ ရာစု အီတလီမှာ တားရော့ကတ်တွေကို Trionfi လို့ခေါ်တဲ့ ကစားနည်းနဲ့ အစောဆုံး ကစားခဲ့ကြပါတယ်။ အီတလီတားရော့တွေလို့လည်း အလွယ်ပြောကြပြီး ဖဲချပ်ရေ စုစုပေါင်း ၇၈ ချပ်ပါဝင်ပါတယ်။

အထက်တန်းလွှာနဲ့ သူကောင်းနွယ်ဝင်တွေသာ ကစားနိုင်ခဲ့ပြီး၊ သာမန်လူတွေနဲ့ အလှမ်းဝေးခဲ့တဲ့ ကစားနည်းလည်း ဖြစ်ပါတယ်။ ပညာရှင်မြောက် ပန်းချီရေးဆရာတွေရဲ့ သီးသန့်လက်ရာတွေနဲ့ စနစ်တကျ ပြုလုပ်ထားတဲ့ ဖဲကတ်တွေကို အသုံးပြု ကစားရတာဖြစ်တဲ့အတွက် ခေတ်အခါအရ အလွန်အင်မတန် တန်ဖိုးကြီးပါတယ်။

၁၄၄၀ ခုနှစ် စက်တင်ဘာလ ၁၆ ရက် ရက်စွဲနဲ့ မှတ်သားထားခဲ့တဲ့ သမိုင်းမော်ကွန်းတခုအရ Giusto Giusti အမည်ရ စာရေးတဦးဟာ အလွန်အင်မတန် ဈေးကြီးတဲ့ တားရော့ဖဲထုပ် နှစ်ခုကို Sigismondo Pandolfo Malatesta လို့ခေါ်တဲ့ အီတလီသူကောင်းနွယ်ဝင် သူဌေးကြီးဆီ ပေးပို့ခဲ့ရကြောင်း သမိုင်းမှတ်တမ်းက ရှေးအကျဆုံး တားရော့ကတ်ဆိုင်ရာ အထောက်အထားဖြစ်ပါတယ်။

၁၄၄၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက် ရက်စွဲပါ မှတ်တမ်းတခုအရ မိလန်မြို့စား (Duke of Milan) Filippo Maria Visconti အတွက် Michelino da Besozzo ခေါ် ပန်းချီဆရာတဦးက ပုံရေးပြီး Martiano da Tortona ခေါ် လက်ရေးလှဆရာက စာထိုးပေးထားတဲ့ တားရော့ဖဲထုပ်တခု ဖန်တီးပေးခဲ့ရကြောင်း သမိုင်းအထောက်အထား ရှိပါသေးတယ်။

အီတလီ မီလန်မှာ ဖန်တီးထားခဲ့တယ်လို့ ယူဆရပြီး၊ အဲဒီကနေတဆင့် ပြင်သစ်ဘက် ပြန့်နှံ့ရောက်ရှိသွားခဲ့တဲ့ Tarot Of Marseille က ဒီနေ့တိုင် လူသုံးများတဲ့ တားရော့ဖဲထုပ်တမျိုး ဖြစ်ပါတယ်။ ပေါ့ပေါ့ပါးပါး ကစားဖို့ တီထွင်ထားတဲ့ ဖဲထုပ်ဖြစ်ပြီး ရှေ့ဖြစ်ဟောတဲ့နေရာမှာ သိပ်မသုံးကြပါဘူး။ ၁၄၉၉ ခုနှစ် အစောပိုင်းလောက်ကတည်းက ပေါ်ပေါက်ခဲ့တယ်လို့ သမိုင်းပညာရှင်တွေက ခန့်မှန်းထားကြပါတယ်။

၁၈၅၆ ခုနှစ် ပြင်သစ်သမိုင်းပညာရှင် Romain Merlin ရဲ့ အဆိုအရ ပြင်သစ်နိုင်ငံတောင်ပိုင်း၊ Marseille မြို့မှာ ပုံနှိပ်ထုတ်ဝေတဲ့ တားရော့ကတ်ဖြစ်လို့ မာဆေးတားရော့အဖြစ် ပြင်သစ်လူမျိုး လောကီပညာရှင်တွေ ဖြစ်တဲ့ Eliphas Levi၊ Gerard

mgyoe.com

mgyoe.com SAMPLE BOOK


Encausse နဲ့ အတူ Paul Maeteau တို့က နာမည်တပ် ခေါ်ဝေါ်သုံးစွဲ ခဲ့ကြရင်းကနေ ၁၉ ရာစု အစောပိုင်းကစပြီး လူသိများသွားခဲ့တယ်လို့ သိရပါတယ်။

မာဆေးတားရော့ကတ်တွေက အလောင်းကစားဖဲဝိုင်းတွေရဲ့ အသုံးတော်ခံဖြစ်နေတဲ့အတွက် Marie Anne Lenormand အမည်ရ ဂမ္ဘီရပညာရှင် ဆရာမတယောက်က Etteilla ရဲ့ ကတ်ပုံစံနဲ့ တွဲပြီး သီးခြား ဒီဇိုင်းနဲ့ တားရော့ကတ်အသစ် တီထွင် ခဲ့သေးတယ်လို့လည်း သိရပါတယ်။

ပါးစပ်ရာဇဝင်တွေအရ Emperor Napoleon နဲ့ Empress Josephine တို့ကို Lenormand ရှေ့ဖြစ်ဟောတုန်းက မာဆေးကတ်တွေ မသုံးဘဲ Piquet ကတ်တွေသာ အသုံးပြုခဲ့တယ်လို့လည်း သိရပါတယ်။ Lenormand ရဲ့ လက်စွဲကတ်တွေကလည်း သမားရိုးကျ ဖဲချပ်တွေဖြစ်ပြီး ရံဖန်ရံခါ Piquet ကတ်တွေကို သုံးတတ်ကြောင်း အထွေထွေမှတ်တွေအရ သိရပါသေးတယ်။

## Éliphas Lévi | အဲလိဖတ်စ် လေဗိုင်

Etteilla နောက်ပိုင်း တားရော့ကတ်ဗေဒင်ပညာကို နောက်ထပ်တကြိမ် အဆင့်တိုးမြင့် တွေးခေါ်တီထွင်ကြံဆပေးခဲ့သူက Eliphas Levi ဖြစ်ပါတယ်။ Court de Gebelin ရဲ့ အယူအဆတွေကို အခြေခံပြီး သိပ္ပံနည်းကျသလို ဂမ္ဘီရပိုဆန်တဲ့ ရှေ့ဖြစ်ဟောနည်းအသစ်တွေ တီထွင်ကြံဆခဲ့တာကြောင့် Levi ရဲ့ ဟောနည်းတွေက ဒီကနေ့အထိ ကတ်ဗေဒင်လောကမှာ ထြဇာ ရှိနေဆဲဖြစ်ပါတယ်။

လေဗိုင်ရဲ့ လက်သုံးတားရော့ကတ်တွေက မာဆေးတားရော့ဖဲထုပ်တွေဖြစ်ပါတယ်။ Hermeticism နဲ့ Qabalistic အတွေးအခေါ်တွေနဲ့ ရောထွေးနေတဲ့ အယူအဆတွေကို အခြေခံပြီး ရှေ့ဖြစ်ဟောနည်းကို တီထွင်ထားခဲ့တာဖြစ်ပါတယ်။

ဟီဘရူး အယူအဆတွေနဲ့ Gebelin ရဲ့ အတွေးအခေါ်တွေကို ပေါင်းစပ်ပြီး တားရော့ကတ်တွေကို Major – Minor ခွဲခြား သတ်မှတ် သုံးစွဲခဲ့ပါတယ်။ မေဂျာကတ်တွေက လူသားရဲ့ ဘဝနဲ့ ကာလကို ရည်ညွှန်းပြီး၊ မိုင်နာကတ်တွေက လူသားရဲ့ စိတ်အခြေအနေနဲ့ ကံတရားကို ဖော်ညွှန်းတယ်လို့လည်း ဆိုပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

## Hermetic Order of the Golden Dawn
## ဟာမစ်တစ်အယူတော်ခံ ရွှေအရုဏ်ဦးဂိုဏ်း

Levi ရဲ့ အယူအဆတွေကို အခြေခံပြီး အင်္ဂလိပ်လူမျိုး ဂန္ဓာရီလောကီပညာစာရေးသူ Arthur Edward Waite က ၁၈၈၆ ခုနှစ်မှာ The Mysteries of Magic စာအုပ် ရေးသား ထုတ်ဝေခဲ့ပါတယ်။ အဲဒီစာအုပ်က အင်္ဂလိပ်ဘာသာစကားနဲ့ ပထမဆုံး ထွက်ရှိခဲ့တဲ့ တားရော့ပညာရပ်ဆိုင်ရာ လမ်းစဉ်ပြစာအုပ်ဖြစ်ပါတယ်။

ဒါပေမဲ့ ၁၈၈၈ ခုနှစ် ရွှေအရုဏ်ဦးဂိုဏ်းကြီး တည်ထောင်ပြီး နောက်ပိုင်း ရောက်တော့မှ ဂိုဏ်းကြီးရဲ့ ဩဇာအရှိန်အဝါတွေနဲ့အတူ တားရော့ပညာလည်း အင်္ဂလိပ်လောကထဲ ခေတ်စားသွားခဲ့တာဖြစ်ပါတယ်။

အရုဏ်ဦးဂိုဏ်းတည်ထောင်သူ Samuel Liddell Mathers နဲ့ Willam Wynn Westcott တို့ ပူးတွဲပြီး တားရော့ပညာဆိုင်ရာ လမ်းစဉ်စာပေတွေ ရေးသား ထုတ်ဝေခဲ့ပါသေးတယ်။

ဒါပေမဲ့ ၁၈၈၈ ခုနှစ်မှာ Mathers ကိုယ်တိုင် ရေးသားထုတ်ဝေခဲ့တဲ့ The Tarot: Its Occult Significaton, Use in Fortune-Telling and Method of Play စာအုပ် ထွက်လာတော့မှ တားရော့ကတ်ပညာက အင်္ဂလိပ်စကားပြောလောကတခွင် လူသိရှင်ကြား လူသိများသွားခဲ့တာ ဖြစ်ပါတယ်။

မေဂျာကတ်တွေကို ဟီဘရူး ကာဘာလာပညာလာ လမ်းစဉ်အတိုင်း သီးခြား သတ်မှတ်သုံးစွဲခဲ့ပြီး၊ ကာဘာလာပညာလာ ဘဝသစ်ပင် (Tree of Life) အတိုင်း ကတ်တွေကို စနစ်တကျ ပြန်စီစဉ်ထားခဲ့ပါတယ်။ နက္ခတ္တဗေဒပညာရပ်လာ တာရာကြီး ၃၆ ခုနည်းတူ တားရော့ကတ်တွေကို အစဉ်အတိုင်း ပြန်စီစဉ်ထားခဲ့ပါသေးတယ်။

ဂိုဏ်းပြင်ပသုံးဖို့အတွက် သီးခြား တားရော့ကတ်တွေကို မထုတ်လုပ်ခဲ့သလို၊ ဂိုဏ်းတွင်းသီးသန့် သုံးဖို့အတွက်လည်း သီးခြား သတ်မှတ်ရေးဆွဲခဲ့တာမျိုး မရှိပါဘူး။ နည်းစနစ်နဲ့ ဟောကြားပုံတွေကိုသာ ပြောင်းလဲတွေးခေါ်ပေးခဲ့တာ ဖြစ်ပါတယ်။ နှောင်းပိုင်းရောက်မှသာ အရုဏ်ဦးဂိုဏ်း အမည်နဲ့ သီးခြား တားရော့ကတ်တွေ ထွက်လာခဲ့တာဖြစ်ပါတယ်။ ဂိုဏ်းဘက် အတည်ပြု လက်ခံထားတဲ့ ကတ်တွေ မရှိပါဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK


## Waite & Crowley | ဝိတ်နဲ့ ခရောင်းလိ

၁၉၀၉ ခုနှစ်မှာ ထွက်ခဲ့တဲ့ Rider-Waite-Smith Tarot Deck က Etteilla ရဲ့ Egyptian Tarot ကတ်တွေကို အခြေခံပြီး ပုံနှိပ်ထုတ်ဝေခဲ့တဲ့ ပထမဆုံးသော ဂမ္ဘီရတားရော့ကတ်တွေဖြစ်ပါတယ်။ ၁၈၈၉ ခုနှစ်က ထုတ်ဝေခဲ့တဲ့ Oswald Wirth ကတ်တွေက မေရှာကတ်တွေပဲ ထုတ်ဝေခဲ့တာ ဖြစ်တာကြောင့် ပထမဆုံး ဂမ္ဘီရတားရော့ ကတ်တွေ ဖြစ်ပေမဲ့ မပြည့်စုံပါဘူး။

Aleister Crowley ရဲ့ The Book of Thoth နဲ့အတူ ထွက်ရှိခဲ့တဲ့ ၁၉၄၄ ခုနှစ် တားရော့ကတ်တွေက တဲလီမာ (Thelema) ဘာသာတရားအသစ်ကို အခြေခံထား တဲ့ ပထမဆုံးသော ဂန္ဓာရီတားရော့ကတ်တွေဖြစ်ပါတယ်။ အရုဏ်ဦးဂိုဏ်းက ပြဋ္ဌာန်းထား တဲ့ စနစ်အတိုင်း နက္ခတ္တဗေဒပညာရပ်နဲ့ ပေါင်းစပ်ထားတဲ့ အပြည့်စုံဆုံး ကတ်တွေ ဖြစ်ပါ တယ်။

# အနှစ်ချုပ်

ဖဲကစားနည်းတွေကနေ ပေါက်ဖွားလာခဲ့တဲ့ ကတ်ဗေဒင်ရဲ့ အရင်းအမြစ်ကို ဘယ်ပညာရှင်ကမှ အာမမခံနိုင်ပါဘူး။ ဒါကြောင့် အရပ်သူ အရပ်သား စကားအရ ကတ် ဗေဒင်ဆိုတာ မှန်ပါ့မလားဆိုရင် မှားခြင်းမှန်ခြင်းထက် တသီးပုဂ္ဂလ ကိုယ်ပိုင် ယုံကြည်မှု အပေါ်သာ မူတည်ပါတယ်။ ရှေ့ဖြစ်ဟောခြင်းပညာဟာ ဖြစ်စဉ်ဖြစ်ရပ်တွေအပေါ် မှန်းဆတဲ့ ပညာရပ်သာ ဖြစ်တဲ့အတွက် ယတိပြတ် ယုတ္တိရှိဖို့ရာ မျှော်လင့်လို့ မရပါဘူး။

တားရော့ကတ်လည်း ဘယ်ခေတ်က ဘယ်ဘာသာနဲ့ ဘယ်ဘုရားကို အခြေခံပြီး ပေါ်ပေါက်လာတယ်လို့ တိတိကျကျ ပြောမရပေမဲ့၊ သေချာတဲ့ အချက်ကတော့ လူသားတွေ ဖန်တီးထားတဲ့ အရာတခုဖြစ်တဲ့အတွက် လူသားတို့အတွက် အကျိုးကျေးဇူး တစုံတရာ ရှိ ကို ရှိမှာပါ။

ခံယူမှုနဲ့ လက်ခံမှုအပေါ် လိုက်ပြီး အကျိုးဖြစ်မှု ကွာသွားနိုင်တာကလွဲ တားရော့ ကတ်တွေရဲ့ အသုံးကျမှုအပေါ် အထူး ဝေဖန်စရာ ရှိမယ်လို့ မထင်ပါဘူး။ စိတ်အာသာဖြေ တဲ့အနေနဲ့ တားရော့ကတ်တွေကို ကစားပြီး ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်မလား၊ ဒါမှမဟုတ် ယုံကြည်မှုအပြည့်နဲ့ တားရော့ကတ်တွေရဲ့ အစွမ်းတန်ခိုးတွေကို ခံယူမလားဆိုတာကတော့ ကိုယ့်အပေါ်မှာပဲ မူတည်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

တားရော့ကတ် ဟောနည်းအစစ် ဟောနည်းအမှန်ဆိုတာ လုံးဝ မရှိပါဘူး။ ပညာစဉ် လမ်းစဉ်အလိုက် အမျိုးမျိုး ကွဲပြား နိုင်ပါတယ်။ အဲဒီလို ဆရာစဉ်သမားစဉ် အလိုက် သီးခြားဖြစ်နေကြတာတွေကပဲ တားရော့ပညာရဲ့ ထူးခြားမှု ဖြစ်ပါတယ်။

တသတ်မှတ်တည်း မရှိမှုက ပရမ်းပတာဆန်တယ်လို့ ထင်ရပေမဲ့၊ လွတ်လပ်မှုကို ဖော်ညွှန်းနေတာလည်းဖြစ်တဲ့အတွက် မဟာဂန္ဓာရီ မဟာဂမ္ဘီရ မှော်ပညာရှင်တိုင်းရဲ့ အမြင်မှာ တားရော့ပညာက အလွယ်ကူဆုံးသော ပညာတရပ်ဖြစ်သလို၊ ချစ်ကြည်နူးမြတ်နိုးဖွယ်ရာ အလွတ်လပ်ဆုံးသော ရှေ့ဖြစ်ပညာတရပ်လည်း ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



# တားရော့မိတ်ဆက်

တားရော့ပညာသမိုင်းတခုလုံးကို အရင်းအမြစ်ကစပြီး ဆွေးနွေးသွားဖို့ မလွယ်ပါဘူး၊ တားရော့နဲ့ ကတ်ဗေဒင်အကြောင်း သိသင့် သိထိုက်သမျှ လိုတိုရှင်း တင်ပြသွားပါမယ်။ ဖဲကစားနည်းတွေအကြောင်းကစပြီး၊ တားရော့ကတ်တွေကို ရှေ့ဖြစ်ဟောတဲ့နေရာမှာ အသုံးချလို့ ရနိုင်ကြောင်းနဲ့၊ မတူညီတဲ့ ရှေ့ဖြစ်ဟောနည်းစနစ်တွေကို လေ့လာသွားရမယ့်အပြင်၊ လောကီပညာရပ်တွေရဲ့ ပင်ရင်းဇာစ်မြစ် ကာဘာလာပညာရပ်ဆိုင်ရာ အရေးပါမှုတွေကိုပါ မျှဝေသွားမှာပါ။

တားရော့ဆိုတာက ပွင့်ကြီးအတွဲ ၂၂ ကတ်၊ ပေါက်တွဲ ၄ မျိုး တမျိုး ၁၄ ကတ် စုစုပေါင်း ၅၆ ကတ်၊ အစုံပါတဲ့ ၇၈ ကတ်တွဲ ဖဲချပ်တွေဖြစ်ပါတယ်။ ပွင့်ကြီးအတွဲကတ်တွေက "သုည" နဲ့စပြီး နံပါတ်စဉ်အတိုင်း "၂၁" အထိ စုစုပေါင်း ၂၂ ကတ်ပါ၊ ပါဝါကတ်တွေလို့လည်း ပြောနိုင်သလို၊ မေဂျာကတ်တွေအဖြစ်လည်း လူသိများပါတယ်။

ပြင်သစ်နိုင်ငံ ဆဋ္ဌမ ချားလ်စ် ဘုရင်ကြီး (Charles VI of France) အပျင်းဖြေဖို့အတွက် တားရော့ကတ်တွေကို နက္ခတ္တဗေဒပညာရှင် ကာဘာလာဂန္ထာရီ ပညာတတ် Jacques Gringonneur က အပျော်တမ်း ကစားဖို့ရာ တီထွင်ရေးဆွဲပေးခဲ့တာဖြစ်ပြီး၊ အိန္ဒိယနဲ့ တရုတ်ပြည်က ဖဲကစားပုံတွေကို နည်းခံထားတဲ့ ဖဲတမျိုးဖြစ်ပါတယ်။

Temple of Ptah သမိုင်းဝင် မှတ်တမ်းအချို့အရ တားရော့ကတ်တွေမှာ ထူးခြားတဲ့ ဂမ္ဘီရဂန္ထာရီ အစွမ်းသိဒ္ဓိတွေ ရှိကြောင်း Etteilla က ရင်းမြစ်နဲ့တကွ ထုတ်ဖော်ပေးခဲ့လို့လည်း တားရော့ကတ်တွေ အသုံးပြုပြီး ရှေ့ဖြစ်ဟောတဲ့ နည်းပညာတွေ ထွန်းကားလာခဲ့တာဖြစ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

Court de Gebelin, Levi နဲ့ Etteilla တို့ရဲ့ အဆိုအရ တားရော့ကတ်တွေဟာ ရှေးပဝေသဏီ အီဂျစ်ခေတ်ကတည်းက တည်ရှိခဲ့ပြီး၊ ကာဘာလာပညာရပ်တွေနဲ့လည်း ပတ်သက်ဆက်နွယ်နေကြောင်း သိရသလို၊ ကျွန်တော့်ရဲ့ ကိုယ်ပိုင် လေ့လာထားချက်တွေအရ အဆိုပါ ယုံကြည်လက်ခံမှုကို သူတို့နည်းတူ အပြည့်အဝ ထောက်ခံပါတယ်။

W. Hughes Willshire ရဲ့ မှတ်ချက်စကားတွေအရ တားရော့ကတ်နဲ့ တားရော့ကစားနည်းက ရှေးအကျဆုံးသော ဖဲချပ်ကစားနည်းဖြစ်သလို၊ အင်မတန် အစွမ်းတန်ခိုးကြီးတဲ့ ရှေ့ဖြစ်ဟောနိုင်စွမ်း ရှိကြောင်း သိရပါတယ်။

W. A. Chatto ရဲ့ "History of Playing Cards" စာအုပ်အရ တားရော့ကတ်တွေနဲ့ အလားတူတဲ့ ဖဲချပ်တွေကို တရုတ်တွေက အေဒီ ၁၁၂၀ မတိုင်ခင်ကတည်းက တီထွင်ကစားခဲ့ကြကြောင်းနဲ့၊ နန်းတွင်း အပျိုတော်တွေ အပျင်းပြေကစားကြတဲ့ လောင်းကစားတမျိုး ဖြစ်တယ်လို့လည်း သိရပါတယ်။

J. F. Vaillant ရဲ့ Les Romes, histoire vraie des vraies Bohémiens စာအုပ်အရ နံပါတ် (၇) ကို (၃) နဲ့ မြှောက်လို့ ရတဲ့ ကိန်းဂဏန်း ပမာဏ (၂၁) ကို အခြေပြုပြီး ကစားရတဲ့ ဖဲကစားနည်းကို တရုတ်တွေက တီထွင်ခဲ့ပြီး၊ သူတို့ရဲ့ ကစားနည်းကို အခြေခံပြီးတော့မှ တားရော့ဖဲချပ်တွေ ဖြစ်လာကြောင်း သိရပါတယ်။

Court de Gebelin ရဲ့ အဆိုအရ Tarot ဝေါဟာရကို -

"Taro" "Mat" "Pagad" ဆိုပြီး သုံးမျိုး ခွဲခြား နားလည်နိုင်ပါတယ်။

TARO ဆိုတာက Tar = Path | Ro = Royal ဖြစ်ပြီး -

Taro = Royal Path of Life လို့ အနက် ပြန်ဆိုနိုင်ပါတယ်။

MAT ဆိုတာက "ဦးတည်ရာ" လို့ အဓိပ္ပါယ်ရပြီး -

ဘုန်းတန်ခိုးကြီးကျယ်သော၊ ခမ်းနားသော၊ ရှုပ်ထွေးသော၊

ဆန်းကြယ်သောလို့ အနက်ပြန်ဆိုနိုင်ပါတယ်။

PAGAD ဆိုတာက -

Pag = Master = သခင် | Gad = Fortune = ကံတရား

Pagad = Master of Fortune

ကံတရားအရှင် ကံတရားသခင်လို့ အနက်ပြန်ဆို နားလည်နိုင်ပါတယ်။

mgyoe.com

mgyoe.com 

ကျွန်တော့် ကိုယ်ပိုင် လေ့လာထားချက်တွေအရ လက်ခံထားတာကတော့ အဖြေထုတ်ခြင်းလို့ အဓိပ္ပါယ်ရတဲ့ အီဂျစ်ဝေါဟာရ târu သို့မဟုတ် ဆွေးနွေးခြင်းလို့ အဓိပ္ပါယ်ရတဲ့ အီဂျစ်ဝေါဟာရ ergo ကနေ ဆင်းသက်လာတဲ့ စကားပျက်တခု ဖြစ်နိုင်ပါတယ်။ Tarot ဆိုတဲ့ စာလုံးပေါင်းကို သဒ္ဒါသန္ဒိနည်းအရ ခွဲခြမ်းစိတ်ဖြာလိုက်ရင်လည်း ထူးခြားဆန်းကြယ်တဲ့ အနက်အဓိပ္ပါယ်တွေ ရနိုင်ပါသေးတယ်။

၁။ TORA (Hebrew) = Law

(တိုရ ဆိုတဲ့ ဟီဘရူးဝေါဟာရအဓိပ္ပါယ်က ဝိနယ သို့မဟုတ် စည်းမျဉ်း လို့ အနက်ပြန်နိုင်ပါတယ်)

၂။ TROA (Hebrew) = Gate

(ထရိုအ ဆိုတဲ့ ဟီဘရူးဝေါဟာရအဓိပ္ပါယ်က မုခ သို့မဟုတ် မုခ်ဦး အဝင်တံခါးလို့ အနက်ပြန်နိုင်ပါတယ်)

၃။ ROTA (Latin) = Wheel

(ရိုတ ဆိုတဲ့ လက်တင်ဝေါဟာရအဓိပ္ပါယ်က လှည်းဘီး သို့မဟုတ် စက်ဝိုင်း လို့ အနက်ပြန်နိုင်ပါတယ်)

၄။ ORAT (Latin) = argues

(အိုရာတ် ဆိုတဲ့ လက်တင်ဝေါဟာရအဓိပ္ပါယ်က အဆိုပြုခြင်း သို့မဟုတ် အဆိုတင်ခြင်းလို့ အနက်ပြန်နိုင်ပါတယ်)

၅။ TAOR (Egyptian) = Täur, Goddess of Darkness

(တော်ရ် ဆိုတဲ့ အီဂျစ်ဝေါဟာရ အဓိပ္ပါယ်က မဟူရာနတ်မိမယ်ရဲ့ နာမည်ဖြစ်ပါတယ်)

၆။ ATOR (Egyptian) = Athor, the Egyptian Venus

(အသော်ရ် ဆိုတဲ့ အီဂျစ်ဝေါဟာရ အဓိပ္ပါယ်က သောကြာဂြိုဟ်မင်းရဲ့ နာမည်ဖြစ်ပါတယ်)

mgyoe.com

mgyoe.com
SAMPLE BOOK

# တားရော့ကတ်များ

Etteilla ရဲ့ ခေတ်ကတည်းက အီတလီ၊ စပိန်၊ ဂျာမန် စသဖြင့် တားရော့ကတ် ဖဲထုပ်တွေ အမျိုးမျိုး ရှိခဲ့ပြီးသားပါ။ အစောပိုင်း ဖဲထုပ်တွေက ကစားဖို့ သက်သက် ဖြစ်တာကြောင့် ဗေဒင်ဟောတဲ့နေရာမှာ သိပ်မသုံးခဲ့ကြပါဘူး။ အီတလီတွေကတော့ ပြင်သစ်တွေထက် အစောကြီးကတည်းက ရှိတဲ့ တားရော့ကတ်နဲ့ ဗေဒင်ဟောခဲ့ကြပါတယ်။ ရိုမာနီတွေကတော့ သမားရိုးကျ ဖဲထုပ်တွေရော၊ တားရော့ကတ်တွေကိုပါ သင့်တော်သလို အသုံးပြုပြီး ထူးခြားဆန်းကျယ်တဲ့ ဟောနည်းစနစ်တွေနဲ့ လူသိများပါတယ်။ တားရော့ကတ်တွေကို အစိတ်အပိုင်းခွဲလိုက်ရင် ပွင့်ကြီးအတွဲ ၂၂ ကတ်၊ ပေါက်တွဲ ၅၆ ကတ် တတွဲမှာ ၁၄ ကတ် လေးမျိုး လေးတွဲရှိပါတယ်။

## ပေါက်တွဲလေးမျိုး

| အီတလီ | ပြင်သစ် | အင်္ဂလိပ် | ခေတ်ပြိုင်ဖဲ |
|---|---|---|---|
| Bastoni | Bâtons | Wands, Sceptres, or Clubs<br>မှော်တုတ်၊ မှော်တောင်ဝှေး | Diamonds<br>ချွန်း |
| Coppé | Coupes | Cups, Chalices, or Goblets<br>မှော်ခွက်၊ မှော်ဖလား | Hearts<br>ဗိမ် |
| Spadé | Épées | Swords<br>မှော်ဓား | Spades<br>ဖူး |
| Denari | Deniers | Money, Circles, or Pentacles<br>မှော်ဒင်္ဂါး၊ မှော်ငါးထောင့်ကြယ် | Clubs<br>ညှင်း |

အတွဲတိုင်းမှာ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး၊ တဆယ်၊ မင်းလုလင်၊ သူရဲကောင်း (စစ်သူရဲ)၊ ဘုရင်မနဲ့ ဘုရင်ဆိုပြီး ၁၄ မျိုး ကွဲပါသေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK 

# ပွင့်ကြီးအတွဲ ၂၂ ကတ်

၂၂ ကတ်ပါတဲ့ ပွင့်ကြီးအတွဲတွေကတော့ ဟီဘရူးဘာသာစကား အက္ခရာစဉ် အတိုင်း သုညကနေ ၂၁ အထိ အစဉ်အတိုင်း ဖြစ်ပါတယ်။

| စဉ် | အီတလီကတ် | ပြင်သစ်ကတ် | အင်္ဂလိပ်ကတ် | ဟီဘရူး | |
|---|---|---|---|---|---|
| 1. | Il Bagatto | Le Bateleur | The Juggler or Magician | Aleph | A |
| 2. | La Papessa | La Papesse | The High Priestess or Female Pope | Beth | B |
| 3. | L'Imperatrice | L'Imperatrice | The Empress | Gimel | G |
| 4. | L'Imperatore | L'Empereur | The Emperor | Daleth | D |
| 5. | Il Papa | Le Pape | The Hierophant or The Pope | He | H |
| 6. | Gli Amanti | L'Amoureux | The Lovers | Vau | V |
| 7. | Il Carro | Le Chariot | The Chariot | Zain | Z |
| 8. | La Giustizia | La Justice | Justice | Cheth | Ch |
| 9. | L'Eremita | L'Ermite | The Hermit | Teth | T |
| 10. | Rota Di Fortuna | La Roue de Fortune | The Wheel of Fortune | Yod | I |
| 11. | La Forza | La Force | Strength, Fortitude | Kaph | K |
| 12. | Il Penduto | Le Pendu | The Hanged Man | Lamed | L |
| 13. | Il Morte | La Mort | Death | Mem | M |
| 14. | La Temperzanza | La Temperance | Temperance | Nun | N |
| 15. | Il Diavolo | Le Diable | The Devil | Samech | S |
| 16. | La Torre | Le Maison-Dieu | The Lighting-struck Tower | Ayin | O |
| 17. | Le Stelle | L'Etoile | The Star | Pe | P |
| 18. | La Luna | La Lune | The Moon | Tzaddi | Tz |
| 19. | Il Sole | Le Soleil | The Sun | Qoph | Q |
| 20. | L'Angelo | Le Jugement | The Last Judgment | Resh | R |
| 0. | Il Matto | Le Fou | The Foolish Man | Shin | Sh |
| 21. | Il Mondo | Le Monde | The Universe | Tau | Th |

mgyoe.com

mgyoe.com
SAMPLE BOOK

# ဝိသေသလက္ခဏာများ







## The Foolish Man | သူရူး


ဟောင်းနွမ်းရွဲစုတ်နေတဲ့ လူရွှင်တော် အဝတ်အစားဝတ်ထားတဲ့ အရူးတယောက် ကခုန်နေပြီး အစာထုပ်တခုကို ညာလက်က ပုခုံးပေါ်တင်ထားဟန် ရှိပါတယ်။ သူရူးရဲ့ အရှေ့ဘက်မှာ လိပ်ပြာငယ် သုံးကောင်က ပျံဝဲနေပြီး၊ သူရူးရဲ့ ခြေရင်းမှာ ခွေး (သို့) ကျားတကောင်က လိုက်နေဟန် ရှိပါတယ်။ မသိမိုက်မဲမှု သို့မဟုတ် စဉ်းစားဉာဏ်/အသိဉာဏ် မရှိမှုကို ကိုယ်စားပြုပါတယ်။

## The Juggler or Magician | လူပြက် သို့မဟုတ် မှော်ဆရာ

စားပွဲတခုအရှေ့ မတ်ရပ်အနေအထားနဲ့ ရှိနေပြီး ဘယ်လက်က မှော်တုတ်တံ သို့မဟုတ် ဖလားတခု ဆွဲကိုင်ထားပါတယ်၊ စားပွဲပေါ်မှာတော့ အသုံးအဆောင်အချို့ ရှိနေပြီး ညာလက်က မြေကမ္ဘာကို လက်ညှိုးထိုးလျက် ရှိပါတယ်။ မင်းဘုရင်တွေလို သရဖူတခုခု ဆောင်းထားတတ်သလို၊ ဦးထုပ်နီ သို့မဟုတ် ခရမ်းရောင် ခေါင်းဆောင်း ဝတ်ဆင်ထားတတ်ပါတယ်။ ဦးခေါင်း အထက်မှာတော့ ဘုန်းကျက်သရေလို့ ခေါ်တဲ့ Aureole ရှိနေပါတယ်။ ခန္ဓာကိုယ်ရဲ့ပုံစံက ဟီဘရူး အက္ခရာ Aleph ပုံစံ ကျောရိုးခံ ရေးဆွဲရပါတယ်။ လူပြက် သို့မဟုတ် မှော်ဆရာကတ်က “အလိုဆန္ဒ” ကို ကိုယ်စားပြုပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK 







## The High Priestess, or Female Pope
## ကတော်ချုပ်ကြီး သို့မဟုတ် ပုပ်ရဟန်းမ

သရဖူ သို့မဟုတ် ဒေါက်ခြာဆောင်းထားသလို ပုဝါရှည် ခြုံလွှမ်းထားတဲ့ အမျိုးသမီး၊ လက်နှစ်ဖက်လုံးက ကျမ်းစာအုပ်ကြီး သုံးခုကို ဆွဲကိုင်ထားပါတယ်။ ကျမ်းစာအုပ်တွေရဲ့ အထက်မှာတော့ ကျမ်းစာလိပ်တခု ရှိနေရမှာဖြစ်ပြီး သားမြတ်အထက် ရင်ဝတည့်တည့်မှာ ထားထားရပါတယ်။ ကတော်ချုပ်ကြီးကတ်က "အသိဉာဏ်ပညာ၊ သိပ္ပံနဲ့ ဗဟုသုတ" တွေကို ကိုယ်စားပြုပါတယ်။

## The Empress | ဧကရီ

ကျက်သရေခေါင်းဆောင်း သရဖူနဲ့တကွ အတောင်ပံပါတဲ့ အမျိုးသမီးတဦး ပလ္လင်ထက်မှာ ထိုင်နေပြီး ခြေနှစ်ဖက်က ကြက်ခြေခတ် ထားတတ်ပါတယ်။ ညာလက်က သိမ်းငှက်ပုံပါဒိုင်းကာကို ကိုင်ထားပြီး၊ ဘယ်လက်က ဘိသိက်ဝင်ကျိုင်းတော်ကို ပုခုံးထက်တင် ဆွဲကိုင်ထားပါတယ်။ ဧကရီကတ်က "အလုပ်အကိုင်" ကို ကိုယ်စားပြုပြီး ကိုယ်ထူးကိုယ်ချွန် ကိုယ့်ဘဝ ကိုယ်ကြောင်းတဲ့ သဘောသဘာဝကို ရည်ညွှန်းပါတယ်။ အသိဉာဏ်ပညာနဲ့ အလိုဆန္ဒကို ပေါင်းစပ်ထားတဲ့ ကတ်ဖြစ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK







## The Emperor | ဧကရာဇ်

ပလ္လင်အထက် ကြက်ခြေခတ်ခြေနှစ်ဖက်နဲ့ ကျကျနနထိုင်နေပြီး ညာလက်က ကျိုင်းရှည်၊ ဘယ်လက်က ကျောက်မျက်ခြယ် ကမ္ဘာစက်လုံးတခု ဆွဲကိုင်ထားတတ်ပါတယ်။ အောင်ပန်းသရဖူကြီးကို ဆောင်းထားပြီး မင်းဝတ်မင်းစားနဲ့ လက်ဟန်မူရာ အသွင်က တြိဂံအသွင် ရှိနေတတ်ပါတယ်။ (တံတောင်နှစ်ခုနဲ့ ခေါင်း သုံးနေရာက တြိဂံပုံ ဖြစ်နေရပါမယ်) ဧကရာဇ်ကတ်က "နားလည်သိရှိခြင်း" ကို ကိုယ်စားပြုပါတယ်။ တနည်းအားဖြင့် မသိမှုတွေကနေ အသိဝင်သွားခိုက် နိုးထတဲ့သဘောကို ဆိုလိုပါတယ်။


## The Hierophant or Pope | ပုပ်ရဟန်းမင်း

သုံးလွှာသရဖူဆောင်းထားတဲ့ ရဟန်းချုပ်ကြီးဖြစ်ပြီး Hermes နဲ့ Solomon မင်းကြီးတွေကို ကိုယ်စားပြုတဲ့ တံခွန်နှစ်ခုပါ ပလ္လင်အထက် ထိုင်နေတတ်ပါတယ်။ ညာလက်က မဟာဂန္ဓာရီ မဟာဂမ္ဘီရ မိုးလက်ညှိုးမုဒြာပြနေပြီး၊ ဘယ်လက်က သုံးတန်းပါ ကားစင်ကျိုင်းရှည်ကို ပေါင်အထက် တင်ပြီး ဆွဲကိုင်ထားတတ်ပါတယ်။

ဝတ်ဖြူစင်ကြယ်ဝတ် အမတ်ကြီးနှစ်ဦးက ဘယ်ညာ တဖက်တချက်ဆီကနေ ပလ္လင်အောက်မှာ ရှိနေပြီး ရဟန်းမင်းကို အရိုအသေပြုနေရမှာ ဖြစ်ပါတယ်။

ရဟန်းမင်းကတ်က "ခွင့်လွှတ်ခြင်း"နဲ့ "ဝပ်တွားခယမှု" ကို ကိုယ်စားပြုပါတယ်။

mgyoe.com




## The Lovers | ချစ်သူများ

ဘုန်းတော်ကြီး သို့မဟုတ် ပုဂ္ဂိုလ်တဦးဦး အရှေ့ ညာဖက်မှာ ယောကျ်ား၊ ဘယ်ဖက်မှာ မိန်းမ ရှိနေပြီး ထိမ်းမြားလက်ထပ်ခြင်း မင်္ဂလာအတွက် ကောင်းကြီးတော် တောင်းဆိုနေတတ်ပါတယ်။ ချစ်သူများကတ်က "သက်သေ" သို့မဟုတ် "တရားမျှတမှု" ကို ကိုယ်စားပြုပါတယ်။

## The Chariot | စစ်ရထား

တားရော့ကတ်တွေထဲမှာ အရေးကြီးဆုံးဖြစ်သလို နားလည်ရ အခက်ဆုံးသော ကတ်ဖြစ်ပါတယ်။ Eliphas Levi လက်ထက် ရောက်တော့မှ တားရော့ကတ် အပွင့်ကြီးအတွဲတွေထဲ ပြန်ထည့်သွင်းပေးခဲ့လို့သာ ဒီနေ့ဒီချိန်အထိ ကျန်ရှိနေတဲ့ ကတ်ဖြစ်ပါတယ်။ စစ်မြင်း နှစ်ကောင်ကတဲ့ တံခွန်လေးချက်ပါ စစ်ရထားကြီးပေါ်မှာ စစ်ဘုရင်ကြီးတပါး ကိုယ်တိုင် မောင်းနှင်နေပြီး ဘယ်ဘက်ခြမ်းမြင်းက အရှေ့ကို တူရူကြည့်နေပေမဲ့၊ နောက်တကောင် က စစ်ဘုရင်ကြီးကို ငုံ့ကြည့်နေတတ်ပါတယ်။ စစ်ရထားရဲ့ ဘီးတွေက တဖက်တချက်စီမှာ ထည့်သွင်းထားလေ့ရှိပါတယ်။ အောင်မြင်မှု (သို့) သိမ်းပိုက်နိုင်မှုကို ကိုယ်စားပြုပါတယ်။


## Strength or Fortitude | ခွန်အား သို့မဟုတ် ဇွဲ

သရဖူခေါင်းဆောင်းထားပြီး သင်တိုင်းအသွင် ဝတ်ရုံဖြူ ဆင်ထားတဲ့ မင်းသမီးတပါးက ငြိမ်သက်စွာ ချဉ်းကပ်လာတဲ့ သားရဲ ခြင်္သေ့ကို ပွတ်သပ်နေဟန် ဖြစ်ပါတယ်။ ခွန်အားဗလ ပြည့်စုံခြင်းကို ကိုယ်စားပြုပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK




## The Hermit | သူတော်စင် သို့မဟုတ် ရသေ့

ခေါင်းအစ ခြေအဆုံး ဟောင်းနွမ်းနေတဲ့ ဝတ်ရုံရှည်ကြီး ဝတ်ဆင်ထားတဲ့ သူအိုတယောက် ညာလက်မှာ မီးအိမ်တခု ဆွဲကိုင်ထားပြီး ဘယ်လက်က တောင်ဝှေးထောက်လျက် အနေအထား ရှိပါတယ်။ မှော်တောင်ဝှေးက မဟာဂန္ဓာရီ မဟာဂမ္ဘီရ လျို့ဝှက်နက်နဲမှုကို ကိုယ်စားပြုပြီး၊ မီးအိမ်က အသိဉာဏ်ပညာကြီးကျယ်ခြင်းကို ကိုယ်စားပြုပါတယ်။

## The Wheel of Fortune | ကံကြမ္မာစက်ဝန်း

စမုတ်တံ ခုနှစ်ချောင်းပါတဲ့ ကံကြမ္မာစက်ဝန်းဟာ တားရော့ကတ်တွေထဲမှာ အနက်ဖော်ရအခက်ဆုံးသော ကတ်ဖြစ်ပြီး၊ အတည် တကျ အဓိပ္ပါယ်ပေးမရတဲ့ ကတ်ဖြစ်ပါတယ်။ ဘယ်ဘက်က ကပ်ဦးသတ္တဝါတကောင် အောက်ကို သက်ဆင်းနေပြီး၊ ညာဘက်မှာလည်း ကပ်ဦးသတ္တဝါတကောင် အထက်ကို ထိုးတက်သွားဟန် ရှိပါတယ်။ စက်ဝန်းရဲ့ အထက်မှာတော့ သတ္တဝါ သုံးမျိုးစပ် ဒဏ္ဍာရီကပ်ဦးသတ္တဝါ တကောင်ရှိနေပြီး အများအားဖြင့် ခြင်္သေ့ခန္ဓာ လူခေါင်း ဓါးကိုင်ထားသည်ဆိုကြပါတယ်။ အချို့သော ကတ်များမှာတော့ ကောင်းကင်တမန် အသွင် ထည့်သွင်းဖော်ပြတတ်ကြပါတယ်။ ကံကြမ္မာစက်ဝန်းရဲ့ အောက်ခြေမှာတော့ မြွေကြီးနှစ်ကောင် ပါရှိပါတယ်။ Eliphas Levi ရဲ့ အနက်ဖော်ဆိုမှုတွေကြောင့် ပြီးပြည့်စုံသွားတဲ့ နောက်တကတ်ဖြစ်ပါတယ်။ ကံကြမ္မာကို ကိုယ်စားပြုပြီး ကောင်းခြင်း ဆိုးခြင်း ဖွန်တွဲမှု သဘာဝကို ဖော်ညွှန်းပါတယ်။

mgyoe.com








## Justice | တရားမျှတမှု

တံခွန်နှစ်ဖက်ပါတဲ့ မဟာပလ္လင်ထက်မှာ သရဖူဆောင်းထားတဲ့ ဘုရင်မတပါး ထိုင်လျက်နေပြီး ညာလက်မှာ ဓားရှည်ကို ထောင်လျက် ကိုင်ဆွဲထားပါတယ်။ ဘယ်လက်က ချိန်ခွင်ကို ဆွဲကိုင်ထားပေမဲ့၊ ဘုရင်မရဲ့ မျက်လုံးတွေကတော့ ပိတ်လျက် ဖြစ်ပါတယ်။ တရားမျှတခြင်း သို့မဟုတ် ပြီးပြတ်ခြင်းကို ကိုယ်စားပြုပါတယ်။

## The Hanged Man | လူဇောက်ထိုး

ညာခြေကို ကြိုးတုပ်ပြီး ဇောက်ထိုးဆွဲချခံထားရတဲ့ လုလင်ငယ်အသွင် ရှိပါတယ်။ ကံကြမ္မာဆိုးနဲ့ တိုက်ဆိုင်စွာ ရင်ဆိုင်နေရပေမဲ့ လုလင်က ကြောက်ရွံ့တဲ့ဟန်မရှိဘဲ အပြုံးနဲ့တကွ အပြစ်ဒဏ်ကို ခံယူနေပါတယ်။ ပေးဆပ်ခြင်းနဲ့ ရင်ဆိုင်ဝံ့မှုကို ကိုယ်စားပြုပါတယ်။

## Death | သေခြင်း


တံစဉ်းရှည်ကို ကိုင်ထားတဲ့ အရိုးခြောက်တကောင် အသွင်ရှိပြီး အရိုးခေါင်းအရိုးစုတွေအပေါ် လမ်းလျှောက်နေဟန် ဖြစ်ပါတယ်။ ပြောင်းလဲခြင်းနဲ့ တိုးတက်ခြင်းကို ကိုယ်စားပြုပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK








## Temperance | ခြိုးခြံခြင်း

သရဖူဆောင်းထားတဲ့ အမျိုးသမီးဟန်ရှိ ကောင်းကင်တမန်တော်တပါးရဲ့ ဘယ်လက်က ခရားဖြူထဲကနေ ညာလက်က ခရားနက်ထဲ ရေစင်သွန်းလောင်းနေဟန် ရှိပါတယ်။ ပေါင်းစည်းခြင်းကို ကိုယ်စားပြုပါတယ်။


## The Devil | နတ်ဆိုး

ဦးချိုနှစ်ဖက်၊ လင်းနို့အတောင်၊ သိမ်းငှက်ခြေနဲ့ မကောင်းဆိုးရွားကြီးက ကျောဘက်အကာမပါတဲ့ မဟာပလ္လင်ထက် ထိုင်နေပြီး အသေးစား မကောင်းဆိုးရွားနှစ်ကောင်က ခြေရင်းဘေးတဖက်တချက်ဆီမှာ ခစားနေဟန် ရှိပါတယ်။ မကောင်းဆိုးရွားကြီးရဲ့ ညာလက်က မီးလောင်မြိုက်နေတဲ့ ဓားရှည်ကြီး ထောင်လိုက်ကိုင်ထားပြီး၊ ဘယ်လက်က မိုးလက်ညိုးမုဒြာပြုနေဟန် ရှိပါတယ်။ တားရော့ကတ်တွေထဲမှာ အဆိုးရွားဆုံးကတ်ဖြစ်ပြီး ကံအကြောင်းတရားရဲ့ သက်ရောက်မှုကို ကိုယ်စားပြုပါတယ်။

## The Lightning-struck Tower | မိုးကြိုးဒဏ်ခရဲတိုက်

ရဲတိုက်ကြီးရဲ့ အထက်ပိုင်း ညာဘက်ခြမ်းကို မိုးကြိုးခတဲ့ ပုံနဲ့ ဖော်ပြလေ့ရှိပါတယ်။ မိုးကြိုးဒဏ်ကြောင့် ပျက်စီးသွားတဲ့ အစအနတွေ လွင့်စင်သွားသလိုမျိုး ဖော်ပြတတ်ပါတယ်။ ပျက်စီးခြင်းကို ကိုယ်စားပြုပါတယ်။

mgyoe.com




## The Star | ကြယ်တာရာ

ကိုယ်လုံးတီး အမျိုးသမီးတဦး ဒူးတဖက်ထောက် အသွင်နဲ့ ဘယ်လက်က ခရားထဲကနေ မြေအောက်သို့ ရေစင်သွန်းလောင်း နေဟန် ရှိပါတယ်။ အမျိုးသမီးရဲ့ ဦးခေါင်းအထက် ကောင်းကင်မှာတော့ ရှစ်ထောင့်ကြယ်စင်ကြီးတခုရှိနေပြီး၊ ငါးထောင့်ကြယ် လေးခုက အဆိုပါ ရှစ်ထောင့်ကြယ်ကို ဝန်းရံထားပါတယ်။ မျှော်လင့်ခြင်းနဲ့ ဆုတောင်းကို ကိုယ်စား ပြုပါတယ်။

## The Moon | လမင်း

ကောင်းကင်ယံထက် တောက်ပလင်းလက်နေတဲ့ လမင်းကြီး ရှိနေပြီး နှင်းပေါက် ၂၇ ပေါက် က မြေကမ္ဘာသို့ ဆင်းသက်နေဟန် ဖော်ကျူးလေ့ရှိပါတယ်။ စမ်းချောင်းတခုအပေါ်ဖက်မှာ ပုစွန်လုံးတကောင်ရှိနေပြီး၊ ပုစွန်လုံးရဲ့ ဘယ်ခြမ်းမှာကျတော့ ဝံပုလွေ တကောင်၊ ညာဘက် ခြမ်းမှာကျတော့ ခွေးတကောင် လမင်းကိုကြည့်ပြီးအူနေကြပါတယ်။ အမှားအယွင်း၊ လှည့် စားခြင်းနဲ့ သွေးဆောင်ဖြားယောင်းခံရမှုကို ကိုယ်စားပြုပါတယ်။

## The Sun | နေမင်း

လိင်မတူတဲ့ ကလေးနှစ်ယောက် ဆော့ကစားနေတဲ့ အထက် မိုးကောင်းကင်ယံမှာ နေမင်း ကြီး ထွန်းတောက်နေဟန် ရှိပါတယ်။ ပျော်ရွှင်မှု ချမ်းသာမှု ကြွယ်ဝမှု ဝဖြိုးမှုကို ကိုယ်စား ပြုပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK







**The Last Judgment | တရားစီရင်ရာနေ့**

ကောင်းကင်တမန်တော်တပါးက တံပိုးရှည်ကို မှုတ်နေပြီး မြေကမ္ဘာအနှံ့ သင်္ချိုင်းထဲကနေ သေသူတွေ ပြန်လည် ရှင်သန် ထမြောက်လာဟန် ရှိပါတယ်။ အဖြေရရှိခြင်း အသစ်တဖန် ဖြစ်ခြင်း အစသို့ပြန်ရောက်ခြင်းကို ကိုယ်စားပြုပါတယ်။

**The Universe or The World | စကြဝဠာ (သို့) လောကကြီး**

လောကမိခင်က ကိုယ်လုံးတီးပုံစံနဲ့ နွယ်မြက်သစ်ပင် ပန်းခွေထဲ ရှိနေဟန် ဖော်ပြလေ့ရှိပါတယ်။ ကောင်းကင်တမန် လေးပါးက ကတ်ရဲ့ ထောင့်လေးထောင့်ဆီကနေ ပန်းခွေကြီးကို ထိန်းထားဟန် ရှိပါတယ်။ ပြီးပြတ်ခြင်း သို့မဟုတ် ဆုလာဘ်ကို ကိုယ်စားပြုပါတယ်။

ပွင့်ကြီးကတ်တွေရဲ့ ဝိသေသလက္ခဏာများ ပြီးပါပြီ။

!!! အထူးမှတ်ချက် !!!

ဂမ္ဘီရပညာရှင် A.E. Waite နဲ့ ဂန္ထာရီပန်းချီပညာရှင် Pamela Colman Smith တို့ ပူးတွဲမိတ်ဆက် ထုတ်ဝေခဲ့တဲ့ Rider–Waite–Smith Tarot Deck လာ ကတ်ပုံစံတွေကို သီးခြားလေ့လာနိုင်ဖို့ ထည့်သွင်းဖော်ပြထားခဲ့ခြင်း ဖြစ်ပါတယ်။ ရှေးအရက်ဦးဂိုဏ်းဝင် တားရော့ကတ်ပုံစံတွေ မဟုတ်ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK


# ကိုယ်စားပြုအဓိပ္ပါယ်များ








| စဉ် | ကတ်အမည် | အတည့် | ဇောက်ထိုး |
|---|---|---|---|
| ၁ | လူပြက်<br>(သို့မဟုတ်)<br>မှော်ဆရာ | ဆန္ဒ၊ အလိုဆန္ဒ၊<br>ဆန္ဒစွမ်းအား၊<br>ကျွမ်းကျင်လိမ္မာမှု | မကောင်းတာတွေ<br>ဖြစ်သွားစေမယ့်<br>ဆန္ဒ၊ ပျော့ညံ့တဲ့စိတ်၊<br>ကောက်ကျစ်စဉ်းလဲမှု၊<br>လိမ်လည်လှည့်ဖြားမှု |
| ၂ | ကတော်ချုပ်ကြီး<br>(သို့မဟုတ်)<br>ပုပ်ရဟန်းမ | သိပ္ပံ၊ အသိဉာဏ်ပညာ၊<br>ဗဟုသုတ၊ ပညာရေး | လှည့်ဖြားမှု၊<br>လှည့်စားမှု၊<br>မသိမိုက်မဲမှု၊<br>မကျွမ်းကျင်မှု၊<br>နားမလည်မှု၊<br>အယုံလွယ်မှု |
| ၃ | ဧကရီ | အလုပ်၊ ကံ၊ အစီအစဉ်<br>အခြေအနေအလိုက်<br>တုန့်ပြန်တတ်မှု၊<br>လက်ဦးရယူတတ်မှု | မလုပ်တတ်မှု၊<br>မစွမ်းသာမှု၊<br>လက်ဝယ်မရမှု၊<br>မျောက်သစ်ကိုင်းလွတ်၊<br>ရတော့မယ့်ဆဲ<br>လက်လွတ်လိုက်ရမှု |

mgyoe.com

mgyoe.com
SAMPLE BOOK


THE EMPEROR


THE POPE



THE LOVERS


THE CHARIOT

| | | | |
|---|---|---|---|
| ၄ | ကေရာဇ် | နားလည်သိရှိခြင်း သက်ရောက်မှုရှိခြင်း တိုးတက်ပြောင်းလဲခြင်း | ရုပ်တန့်ခြင်း၊ ပိတ်ပင်ခြင်း၊ တားဆီးခံရခြင်း၊ မမြင်မသိခြင်း၊ မရင့်ကျက်ခြင်း၊ မရင့်သန်ခြင်း၊ မရင့်မှည့်ခြင်း |
| ၅ | ရဟန်းမင်း | သနားကြင်နာခြင်း၊ မေတ္တာထားခြင်း ကောင်းခြင်းမင်္ဂလာ | နားလည်လွန်ခြင်း၊ စေတနာပိုခြင်း ပျော့ညံ့ခြင်း ရူးမိုက်ခြင်း၊ ရူးနှမ်းခြင်း၊ ရက်ရောလွန်ခြင်း |
| ၆ | ချစ်သူများ | အမြော်အမြင်ရှိခြင်း သက်သေသာဓကဖြစ်ခြင်း၊ စီရင်ပြီးပြတ်ခြင်း၊ | မိုက်မဲသောအစီအစဉ်၊ ကျရှုံးခြင်း၊ ပျောက်ပျက်ခြင်း |
| ၇ | စစ်ရထား | အောင်မြင်မှု၊ ရယူမှု၊ အခက်အခဲကို ကျော်လွှားနိုင်မှု၊ | အစားထိုးခံရမှု၊ အခက်အခဲတို့ရဲ့ လွှမ်းမိုးမှု ခံရခြင်း၊ ကျရှုံးခြင်း |


mgyoe.com

mgyoe.com SAMPLE BOOK 














| | | | |
|---|---|---|---|
| ၈ | တရားမျှတမှု | သဟာဇာတဖြစ်ခြင်း၊ မျှခြေကိုက်ခြင်း၊ တရားမျှတခြင်း၊ | မတရားသဖြင့် ပြုကျင့်ခြင်း၊ မျှတမှုကို လိုလားရခြင်း၊ ခက်ခဲမှုတို့ရဲ့ အားသာမှု ခံရခြင်း၊ မလွဲသာ မရှောင်သာဖြစ်ခြင်း၊ ဘက်လိုက်ခံရခြင်း |
| ၉ | ရသေ့ | အမြော်အမြင်ကြီးခြင်း အသိအလိမ္မာကြီးခြင်း အမြင်မှန်ရှိခြင်း သစ္စာတရား | နားလည်လွန်ခြင်း၊ အသိလွန်ခြင်း၊ နေရာတကာပါခြင်း၊ အကြောက်ကြီးခြင်း၊ ပေါ့ဆခြင်း၊ ရှုပ်ထွေးခြင်း |
| ၁၀ | ကံကြမ္မာစက်ဝန်း | ကံကောင်းခြင်း၊ အောင်မြင်ခြင်း၊ မထင်မှတ်ထားဘဲ ကံဇာတာမြင့်ခြင်း၊ | ကံဆိုးခြင်း၊ ကျရှုံးခြင်း၊ ပျက်စီးခြင်း၊ မထင်မှတ်ထားဘဲ ကံဇာတာ ကျဆင်းခြင်း |
| ၁၁ | ခွန်အား | ခွန်အား၊ ဩဇာ၊ အာဏာ၊ ဇွဲ၊ ထက်သန်မှု၊ တည်ကြည်မှု၊ ပြတ်သားမှု၊ ရဲဝံ့မှု၊ | အာဏာယစ်မူးခြင်း၊ အလုပ်လွန်ခြင်း၊ ခံနိုင်ရည်လွန်ခြင်း၊ ရူးမိုက်ခြင်း |

mgyoe.com

mgyoe.com
SAMPLE BOOK












| | | | |
|---|---|---|---|
| ၁၂ | လူဇောက်ထိုး | စတေးမှု၊ ပေးဆပ်မှု၊ ရိုကျိုးမှု၊ ရိုသေပြားဝပ်မှု၊ တွယ်ချိတ်မှု၊ သံယောဇဉ်၊ အစွဲအလမ်း၊ | အတ္တကြီးခြင်း၊ တကိုယ်ကောင်းဆန်ခြင်း၊ သံယောဇဉ်ပြတ်ခြင်း၊ အစွဲအလမ်းမရှိခြင်း |
| ၁၃ | သေခြင်း | သေခြင်းတရား၊ ပြောင်းလဲမှု၊ အသွင်ပြောင်းလဲမှု၊ အဆိုးမှ အကောင်းဖြစ်ခြင်း | သေခြင်းတရားမှ ကျော်လွှားနိုင်ခြင်း၊ မကောင်းမှုတွေကနေ လွတ်မြောက်ခြင်း၊ ကောင်းဖို့အတွက် ဖြစ်နေခြင်း |
| ၁၄ | မြိုးမြိုခြင်း | ပေါင်းစပ်ခြင်း၊ ပေါင်းစပ်မှု၊ ရောစပ်မှု၊ ပူးတွဲမှု၊ တွဲဖြစ်မှု | မိုက်မဲတဲ့ ပေါင်းစည်းခြင်း၊ ကွဲပြဲခြင်း၊ လမ်းခွဲခြင်း၊ အကြောင်းမတိုက်ဆိုင်ခြင်း၊ အမြင် မတူခြင်း၊ ဆန့်ကျင်ဖက်ဖြစ်ခြင်း |
| ၁၅ | နတ်ဆိုး | ကောင်းခြင်းမှန်သမျှတို့ရဲ့ အဆုံးသတ်၊ | ဆိုးခြင်းမှန်သမျှတို့ရဲ့ အဆုံးသတ် |


mgyoe.com

mgyoe.com
SAMPLE BOOK








| | | | |
|---|---|---|---|
| ၁၆ | ရဲတိုက် | ပျက်စီးခြင်း၊ ယိုယွင်းခြင်း၊ အစားထိုးခံရခြင်း၊ ဆုံးရှုံးခြင်း၊ ဒေဝါလီခံရခြင်း၊ | အစပြုခြင်း၊ အသစ် တဖန် မွေးဖွားခြင်း၊ ပစ္စုပ္ပန်ဖြစ်ရပ်ဆိုးများမှန်သမျှ ပြန်ကောင်းလာခြင်း၊ ကုစားခြင်း |
| ၁၇ | ကြယ်တာရာ | မျှော်လင့်ခြင်း၊ မျှော်လင့်ချက်၊ ကတိ၊ ပဋိညာဉ် | မျှော်လင့်ချက်တွေ ပျက်စီးခြင်း၊ မျှော်လင့်ထားချက်တွေ ပျက်သုဉ်းခြင်း၊ |
| ၁၈ | လမင်း | ဆည်းဆာ၊ လှည့်စားမှု၊ သွေးဆောင်မှု၊ မှားယွင်းမှု၊ | အမှားကို ပြန်ပြင်ဆင်ခြင်း၊ ဖြစ်ရပ်ကို ပြောင်းလဲနိုင်ခြင်း |
| ၁၉ | နေမင်း | ပျော်ရွှင်မှု၊ ကျေနပ်မှု၊ အားရမှု | ဝမ်းနည်းရမှု၊ ကြေကွဲရမှု၊ အလိုမကျရမှု၊ |

ရဲတိုက်ကတ်က တားရော့ကတ်တွေထဲမှာ ဟောကိန်းထုတ်ရတာ အခက်ဆုံးကတ် ဖြစ်ပါတယ်။ ရှေ့ဖြစ်ဟောဖို့ရာ နိမိတ်လက္ခဏာ လွယ်လွယ်မရသလို၊ ဝိသေသအားဖြင့် ကိုယ်စားပြု ရည်ညွှန်းထားချက်တွေကို ဖော်ထုတ်ဖို့ရာ လုံးဝ မလွယ်ပါဘူး။

အတွေ့အကြုံရင့်သန်ပြီး ရှေ့ဖြစ်ဟောပညာမှာ ဝါရင့်ပြီးသား ပညာတတ်ပညာရှင်တွေသာ ဘာသာပြန်ဆို နိမိတ်ပေးနိုင်တဲ့ ကတ်ဖြစ်ပါတယ်။ စနည်းကောင်း နိမိတ်ကောင်း ဖတ်တတ်ရင် တိကျတဲ့ အဖြေတခုကို ချက်ချင်း လက်ငင်း ပေးနိုင်တဲ့ ကတ်လည်း ဖြစ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK








| | | | |
|---|---|---|---|
| ၂၀ | တရားစီရင်ရာနေ့ | အသစ်တဖန် ပြန်လည်ဖြစ်ခြင်း၊ အဖြေရခြင်း၊ ပြဿနာအဖြေထုတ်ခြင်း | အဖြေမထွက်ခြင်း၊ နှောင့်နှေးခြင်း၊ ပြီးပြတ်ပြီးသား ပြဿနာတွေ ထပ်ခါတလဲ ဖြစ်နေခြင်း |
| ၀ | သူရူး | ရူးနှမ်းမှု၊ မိုက်မဲမှု၊ ဝေခွဲမရမှု | လက်တွန့်ခြင်း၊ တွန့်ဆုတ်ခြင်း၊ မတည်ငြိမ်ခြင်း၊ ပြဿနာဖြစ်ခြင်း၊ |
| ၂၁ | စကြာဝဠာ | ပြီးပြတ်ခြင်း၊ အဆုံးသတ်ခြင်း၊ ဆုလာဘ် | မကောင်းသောရလဒ် အဆုံးမပြတ်မှု |

ကတ်သုည-သူရူးကတ်က သမားရိုးကျ ဖဲထုပ်တွေထဲက Joker နဲ့တူပါတယ်။ ကတ်ကြီးသီးသန့်ဆိုရင် တန်ဖိုး မရှိပေမဲ့ အင်မတန် အရေးပါသလို၊ ပေါင်းစပ်တွဲဖက်သွားတဲ့ကတ်တွေရဲ့ နိမိတ်အတိတ်တွေကို အများကြီး ပြောင်းလဲပေးနိုင်စွမ်း ရှိပါတယ်။ ကောင်းတဲ့ကတ်လို့ ပြောလို့ ရနိုင်သလို၊ ကံအကြောင်း မလှရင် အင်မတန် ဆိုးတဲ့ကတ်လည်း ဖြစ်သွားနိုင်ပါတယ်။

အသင့်ဖြစ်မှု၊ ပြောင်းလဲမှုတွေအတွက် အဆင်သင့်ဖြစ်နေမှု၊ ကံကောင်းခြင်းတွေနဲ့ စွန့်စားဖို့ရာ မကြောက်ရွံ့တော့မှု၊ ရင့်ကျက်မှုစတဲ့ သဘောလက္ခဏာတွေနဲ့လည်း ဆက်နွယ်နေသလို၊ ပျက်စီးမှု၊ ရူးမိုက်မှု၊ ရူးနှမ်းမှုတွေနဲ့လည်း ဆက်စပ်နေတဲ့ကတ်ဖြစ်ပါတယ်။


mgyoe.com

mgyoe.com




ဘိုးဘေးတွေ လက်ထက်က အသုံးပြုခဲ့ကြတဲ့ လက်စွဲ တင်းပုတ် (သို့) ဆောက် လက်နက်ကို နှောင်းပိုင်းမှာ အစဉ်အလာ ထုံးတမ်းတရပ်အနေနဲ့ အဆောင်အယောင်အဖြစ် ပြောင်းလဲ သုံးစွဲ ခဲ့ကြရင်းကနေ ကျိုင်းဆိုတာ ဖြစ်လာတာပါ။

Mace ဆိုတာက အမှန်တော့ စူးချွန်ပါတဲ့ သံတင်းပုတ်ကြီး ဖြစ်ပါတယ်။ Rod ဆိုတာက သံတုတ်ချောင်းရှည်ကြီး ဖြစ်ပါတယ်၊ ဒါပေမဲ့ ဒီနေ့လို ခေတ်ကြီးမှာ လက်နက်အစား အဆောင်အယောင်အဖြစ်သာ အသုံးပြုကြပါတော့တယ်။ လွှတ်တော်လွှတ်ရုံးနဲ့ တရားရုံး တွေမှာ အကြီးအကဲ၊ အကြီးအမှူးတွေရဲ့ ဂုဏ်ဝိသေသကို ကိုယ်စားပြုသောအားဖြင့် အဆောင်အယောင် ကျိုင်းတော်က မဖြစ်မနေ ထည့်သွင်းထားရပါတယ်။




ဘိသိက်ခံ ဖာရိုဘုရင်များရဲ့ အခြေခံ အဆောင်အယောင်သုံးမျိုး

ပဝေသဏီယ အီဂျစ် ဖာရိုဘုရင်ကြီးတွေရဲ့ ဘိသိက်ခံ အဆောင်အယောင်တွေထဲမှာလည်း ကျိုင်း မပါလို့ မရပါဘူး။ ဘယ်ဖက်လက် ကိုင်ရတဲ့ အဆောင်အယောင် လက်နက်က ကျိုင်းဖြစ်ပြီး၊ ညာဖက်လက်က သိုးသူငယ်တွေရဲ့ သိုးထိန်းသဘောနဲ့ တုတ်ကောက်အသွင် ရတနာတောင်ဝှေးကို ကိုင်ဆောင်ရပါတယ်။ ဦးခေါင်းကတော့ သစ်နက်ရေနဲ့ မြွေဟောက် ခေါင်းထွင်း သရဖူကို ဆောင်းထားရပါတယ်။ တခေတ်နဲ့တခေတ် အဆောင်အယောင် ဆင်ယင်ပုံ မတူပေမဲ့ အခြေခံသဘောတရားကတော့ တမျိုးတည်းပါပဲ။ ကျိုင်းပါရမယ်၊ သရဖူ ပါရမယ်၊ ပြီးရင် တုတ်ကောက်တောင်ဝှေး ပါရမှာပါ။ ကျိုင်းက စစ်သူရဲကောင်းတွေ အတွက် လက်နက်တခုဖြစ်ပေမဲ့ မှော်ပညာရှင်တွေအတွက်ကတော့ အစွမ်းသိဒ္ဓိတန်ခိုး တွေ စုစည်းရာ တူရိယာပစ္စည်းတခုဖြစ်ပါတယ်။ မင်းဘုရင်စတဲ့ အကြီးအကဲတွေအတွက် ကတော့ ဂုဏ်ဝိသေသကို ရည်ညွှန်းတဲ့ အဆောင်အယောင်ဖြစ်သွားပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK




အီဂျစ်နတ်ဘုရား ဆတ်ထ် (Seth) ကို ရုပ်ထွင်းရုပ်ဖော်တိုင်း ဘယ်လက်က ကျိုင်းတော်ကိုင်ထားတဲ့ဟန်နဲ့ ဖော်ညွှန်ဖော်ပြလေ့ရှိပါတယ်။ Horus လေနတ်ဘုရားနဲ့ ရန်ဘက်ဖြစ်ပါတယ်။ သဘာဝ ဘေးအန္တရာယ်တွေဖြစ်တဲ့ မြေငလျင်၊ မိုးသက်လေပြင်း၊ မုန်တိုင်း၊ ရေကြီးမှု၊ အစာရေစာ ငတ်မွတ်ခေါင်းပါးမှု၊ မိုးခေါင်မှု စသဖြင့် အဖျက်အမှောင့်တွေရဲ့ အရှင်အဖြစ် ကိုးကွယ် ပသခံရသူဖြစ်ပါတယ်။ ဖာရိုဘုရင်တိုင်း တိုင်းပြည်အေးချမ်းသာယာရေးအတွက် နတ်ဘုရားတွေကို ပသရာမှာ Seth က အဦးဆုံး မဖြစ်မနေ ပသခံရသူ ဖြစ်ပါတယ်။ အငြိုးကြီးသလို စိတ်ခက်ထန်တဲ့ နတ်ဘုရားအဖြစ် ဖော်ပြခံရသူပါ။

| | | | |
|---|---|---|---|
| ၂၂ | ကျိုင်းကိုင်ဘုရင် | နယ်ခံလူကြီး၊ မြို့မိမြို့ဖ၊ လူကြီးသူကောင်း၊ ပညာတတ်၊ ပညာရှင် | သဘောကောင်း သလောက် ခက်ထန် ပြတ်သားတိကျသူ၊ အကြံကောင်းပေးတတ်သူ ပြောရင်ပြောသလို လုပ်တတ်သူ |
| ၂၃ | ကျိုင်းကိုင်ဘုရင်မ | နယ်ခံကတော်ကြီး၊ မြို့မိမြို့ဖ၊ လေးစားခံ အမျိုးသမီး၊ တော်မျိုး နွယ်ဝင် ကတော်မျိုး ကန်တော့ခံမိခင်၊ ငွေမက်သူ၊ ဝိသမလောဘကြီးသူ | ကိုယ့်ကျင့်သိက္ခာ အင်မတန် လေးစား ရိုကျိုး ပျပ်ဝပ်တဲ့ အမျိုးသမီးဆိုပေမဲ့ အင်မတန် စေးကပ် ပြီး စီးပွားဆန်တဲ့ သူမျိုး၊ အခက်အခဲ၊ အတားအဆီး၊ ဆန့်ကျင်ခံ ရမှု၊ ငြင်းပယ်ခံရမှု |
| ၂၄ | ကျိုင်းကိုင်စစ်သူရဲ | ထွက်ခွာခြင်း၊ ကွဲကွာ ခြင်း၊ ပျက်ပြယ်ခြင်း၊ | ဖျက်လိုဖျက်စီး၊ ပရမ်းပတာ၊ ရန်မာန်ကြီး ခြင်း၊ ရန်ဖြစ်ခြင်း၊ |

mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၂၅ | ကျိုင်းကိုင်လုလင် | သူစိမ်းကောင်း၊<br>သတင်းကောင်း၊<br>သာယာမှု၊ ကျေနပ်မှု၊ | သတင်းဆိုး၊ မသာယာနိုင်<br>မှု၊ မကျေနပ်နိုင်မှု၊ စိုးရိမ်<br>ရမှု၊ သောက၊ ဗျာပါဒ |
| ၂၆ | ကျိုင်းဆယ်ချောင်း | ယုံကြည်မှုရှိခြင်း၊<br>လုံခြုံမှု ရှိခြင်း၊<br>ဂုဏ်သိက္ခာရှိခြင်း၊<br>သဒ္ဓါတရား ပြည့်စုံခြင်း၊ | သစ္စာဖောက်ဖျက်ခြင်း၊<br>အကြောင်းပြ ဆင်ခြေပေး<br>လွှဲရှောင်ထွက်ပြေးမှု၊<br>နှစ်ဖက်ချွန်၊ ဟန့်တား<br>ပိတ်ပင်ခံရမှု |
| ၂၇ | ကျိုင်းကိုးချောင်း | စည်းကမ်းရှိမှု၊<br>သေသပ်ပျပ်ဝပ်မှု<br>ကောင်းမွန်သော<br>စီစဉ်ထားရှိမှု<br>အစီအစဉ်ကျနမှု၊ | အတားအဆီး၊<br>ပြဿနာမီး၊<br>သဘောထားကွဲလွဲမှု၊<br>မညီညွတ်မှု၊ ဝိရောဓိ |
| ၂၈ | ကျိုင်းရှစ်ချောင်း | နားလည်မှု၊ သိမြင်တတ်<br>ခြင်း၊ အမြော်အမြင်<br>ရှိခြင်း၊ လမ်းကြောင်<br>မှန်ခြင်း၊ အကျိုးသင့်<br>အကြောင်းသင့်ဖြစ်ခြင်း | ရန်ဖြစ်ခြင်း၊<br>ရန်ပွားခြင်း၊<br>အတွင်းမကောင်းမှု၊<br>ပရမ်းပတာ၊<br>ဝိရောဓိ |



ပဝေသဏီယအီဂျစ်ခေတ်က
ရေမြင်းစွယ်ဖြင့် ပြုလုပ်ထားသော ဂမ္ဘီရကျိုင်း သို့မဟုတ် မှော်ဝင်အသုံးအဆောင်တခု

mgyoe.com

mgyoe.com SAMPLE BOOK



## SCEPTRES or CEREMONIAL MACE

မြင့်မြတ်သော အခွင့်အာဏာကို ညွှန်းသည့် အဆောင်အယောင်

မင်းခမ်းမင်းနားကိစ္စများ၌ မြင့်မြတ်သော ဂုဏ်ထူးနှင့် အခွင့်အာဏာကို ညွှန်းသည့် အဆောင်အယောင်သဘောဖြင့် ကျိုင်းကို အသုံးပြုကြသည်။ အခြားလူမျိုးများစွာသည်လည်း ကျိုင်းကို မင်း စသည့် ဂုဏ်ကြီးမြင့်သူတို့သာ သုံးစွဲထိုက်သည့် အဆောင်အယောင်ပစ္စည်းဟူ၍ သတ်မှတ်ခဲ့ကြသည်။ (စွယ်စုံကျမ်း)

| | | | |
|---|---|---|---|
| ၂၉ | ကျိုင်းခုနစ်ချောင်း | အောင်မြင်မှု၊ ရရှိမှု၊ လက်ဝယ်ရရှိမှု၊ ပိုင်ဆိုင်မှု၊ အသာစီးမှု၊ အကျိုးအမြတ်၊ အောင်မြင်မှု၊ | စိတ်မပြတ်နိုင်ခြင်း၊ သံသယ၊ လက်တွန့်မှု၊ တွန့်ဆုတ်မှု၊ အရှက်တကွဲ အကျိုးနည်းပါးမှု၊ ဝန်လေးမှု၊ စိတ်လေးမှု |
| ၃၀ | ကျိုင်းခြောက်ချောင်း | ကြိုးစားမှု၊ လုံ့လစိုက်ထုတ်မှု၊ မျှော်လင့်ချက်၊ အလိုဆန္ဒ၊ ဆုတောင်း၊ လိုလားချက် | တွေးထင်ထားသလို ဖြစ်မလာခြင်း၊ အယူမှား အထင်မှား အမြင်မှား အသိမှားမှု၊ သစ္စာဖောက်ဖျက်ခံရခြင်း၊ နောက်ကျောဓားထိုးခံရမှု၊ ဖောက်လှဲဖောက်ပြန်ခံရမှု |

mgyoe.com

| | | | |
|---|---|---|---|
| ၃၁ | ကျိုင်းငါးချောင်း | ရွှေ၊ ကြွယ်ဝချမ်းသာမှု၊ ရယူနိုင်မှု၊ အမွေဆက်ခံခြင်း၊ ဥစ္စာဓနပေါကြွယ်ဝခြင်း၊ ကံကောင်းအကြောင်းပါခြင်း၊ ငွေကြေးကံမြင့်ခြင်း | အမှုအခင်းဖြစ်ခြင်း၊ အရှုပ်အရှင်းမကင်းခြင်း၊ တရားစီရင်ခံရခြင်း၊ တရားခွင်ရောက်ခြင်း အငြင်းပွားရခြင်း ငြင်းခုံရန်ဖြစ်ရခြင်း |
| ၃၂ | ကျိုင်းလေးချောင်း | အသိုက်အဝန်း၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့၊ စုပေါင်းမှု၊ အုပ်စုစိတ်၊ သမမျှတ၊ သဟဇာတ | ဖူလုံခြင်း၊ အောင်မြင်မှု၊ ပျော်ရွှင်ခြင်း၊ အားသာခြင်း |
| ၃၃ | ကျိုင်းသုံးချောင်း | လုပ်ငန်းစု၊ လုပ်ငန်းကြီး၊ တာဝန်ခံလုပ်ငန်း၊ ကိုယ်စားလှယ်လုပ်ငန်း၊ ပွဲစား၊ ပွဲခံ၊ စီးပွားရေး၊ အုပ်စုကြီး၊ အဖွဲ့အစည်း၊ ရောင်းဝယ်ရေး၊ ညှိနှိုင်းရေး၊ | မျှော်လင့်ချက်၊ အလိုဆန္ဒ၊ ကြိုးစားမှု၊ အားထုတ်မှု၊ ဆုတောင်း၊ ဆုမွန်ကောင်း |
| ၃၄ | ကျိုင်းနှစ်ချောင်း | ချမ်းသာမှု၊ ပြည့်စုံမှု၊ ကျက်သရေရှိခြင်း၊ ခမ်းနားကြီးကျယ်ခြင်း၊ | မထင်မှတ်ထားခြင်း၊ အံ့ဩရခြင်း၊ အမှန်တကယ် ဖြစ်လာမှု၊ ကြီးကျယ်ခမ်းနားမှုတွေ တကယ်ဖြစ်လာမှု |
| ၃၅ | ကျိုင်းတချောင်း | မွေးဖွားခြင်း အစပြုခြင်း၊ အုတ်မြစ်တည်ခြင်း မူလရင်းမြစ်၊ ဇာတိရင်းမြစ်၊ | တရားစီရင်မှု အကြမ်းဖက်မှု၊ ခက်ခဲကြမ်းတမ်းမှု၊ မတရားသဖြင့် ကြီးစိုးမှု၊ စိုးမိုးချုပ်ကိုင်လိုမှု |

mgyoe.com


mgyoe.com
SAMPLE BOOK

မဟာဂမ္ဘီရဂန္ဓာရီပညာမှာ ဂုဏ်ဝိသေသထူးတွေနဲ့ ပြည့်စုံနေတဲ့ နောက်ထပ် အသုံးအဆောင်တခုက ရေခွက် (သို့) ရေဖလား ဖြစ်ပါတယ်။

သဘာဝမိခင်ကို ကိုယ်စားပြုသလို အသက်ဇီဝရဲ့ မူလဇာတိ "သားအိမ်" ကို ကိုယ်စားပြုထားတဲ့ ရေဖလားဟာ ခံယူမှုနဲ့ စုဆောင်းမှုကို သဘောဆောင်ပါတယ်။

မြင့်မြတ်မှုမှန်သမျှကို ခံယူဖို့ရာ ရေဖလားကို မှော်ပညာရှင်တိုင်း လက်စွဲအဖြစ် ကိုယ်နဲ့တပါတည်း ဆောင်ထားရပါတယ်။

ရေဖလားရဲ့ အဓိပ္ပါယ်ကိုက လေးနက်ပြီး ရှေးကျတဲ့အတွက် သမိုင်းအစဉ်အလာတလျှောက် မြင့်မြတ်တဲ့ အစီအရင်တိုင်းမှာ ရေဖလား မပါလို့ မရပါဘူး။




ခရစ်တော်ရဲ့ အသွေးတော်ကို
ကိုယ်စားပြုတဲ့
ဝိုင်အရက်ထည့်သုံးရသော ဖလား

ဘာသာရေး အစဉ်အလာတိုင်းက ကိုးကွယ်မှု အလေ့အထတွေကို ကြည့်လိုက်ရင် ဖလားက မပါမဖြစ် အသုံးအဆောင်တခု ဖြစ်နေကြောင်း သိနိုင်ပါတယ်။ ဥပမာ- ကတ်သလစ်ခရစ်ယာန်တွေရဲ့ Eucharist (Holy Communion)မှာ ခရစ်တော်ရဲ့ အသွေးတော်ကို ဖလားနဲ့ထည့်ပြီး တိုက်ရပါတယ်။

ဇနပဒဂန္ဓာရီပညာတွေနဲ့ ဝိကာပညာ (Wicca) တွေမှာလည်း ရေဖလားက အလွန် အရေးပါတဲ့ အသုံးအဆောင်ဖြစ်ပြီး အသက်ဇီဝကို ကိုယ်စားပြုကြောင်း ရှေးကျမ်းတွေအရ သိနိုင်ပါသေးတယ်။


အင်္ဂရိတ်ပညာအရ ဖလား သို့မဟုတ် ဖန်ပေါင်းချောင် သို့မဟုတ် လုံက တိုးတက်ပြောင်းလဲမှုအတွက် မဖြစ်မနေ လိုအပ်တဲ့ အရာဖြစ်ပြီး၊ စုပေါင်းစုစည်းလိုတဲ့ ဓါတုဓါတ်ပေါင်းမှန်သမျှ အဲဒီ ကြားခံပစ္စည်း အသုံးအဆောင်မှ မပါဘဲ မဖြစ်နိုင်ပါဘူး။ (လုံ - မီးဒဏ်ကို ခံနိုင်ရည် ရှိတဲ့ မီးခံမြေစေးခွက်)



သံသတ္တုဓာတ်ကို အရည်ကျိုရာ၌
အသုံးပြုရသော မြေစေးလုံ

mgyoe.com

| | | | |
|---|---|---|---|
| ၃၆ | ဖလားရှင်ဘုရင် | လူကြီးသူကောင်း၊<br>ကောင်းခြင်းမင်္ဂလာ၊<br>သနားကြင်နာမှု၊<br>လွှန်မြောက်ခြင်း၊<br>ရက်ရောမှု | ယုံကြည်လို့ မရနိုင်တဲ့<br>နေရာကောင်းက လူကြီး၊<br>မယုံကြည်နိုင်မှု၊<br>သံသယဖြစ်ရမှု၊<br>သက်ာမကင်းရမှု |
| ၃၇ | ဖလားရှင်ဘုရင်မ | လူကြီးသူမ၊ အောင်မြင်မှု<br>ပျော်ရွှင်မှု၊ အသားစီးမှု၊<br>သာယာမှု | နေရာတကာ ဝင်ပါတတ်<br>တဲ့ နေရာကောင်းရှိသူ၊<br>ယုံကြည်လို့ မရနိုင်သူ၊<br>အောင်မြင်ထားသူ၊ |
| ၃၈ | ဖလားရှင်စစ်သူရဲ | ရောက်ရှိခြင်း၊ ပေါက်<br>မြောက်ခြင်း၊ ချဉ်းကပ်<br>ခြင်း၊ နေရာဦးခြင်း | နှစ်ဖက်နှစ်ခွဖြစ်ခြင်း၊<br>ဝိရောဓိဖြစ်ခြင်း၊<br>ဒွိဟဖြစ်ရခြင်း၊<br>ယုံကြည်မှုပျက်ပြားခြင်း၊<br>လုပ်ကြံမှု၊ လိမ်လည်မှု၊<br>သွေးဆောင်ဖြားယောင်းမှု |
| ၃၉ | ဖလားရှင်မင်းလုလင် | ငယ်ရွယ်နုပျိုခြင်း၊<br>ယုံကြည်မှုရှိခြင်း၊<br>ရိုးဖြောင့်တည်ကြည်မှု<br>ဆင်ခြင်တုံတရား၊<br>ရိုးသားဖြောင့်မတ်ခြင်း | မြှောက်ပင့်ပြောဆိုသူ၊<br>လှည့်စားထားမှု၊<br>မူယာမာယာများခြင်း၊<br>အတုအယောင်၊<br>လှည့်ဖြားထားမှု |



ဂမ္ဘီရဖလားလို့ခေါ်တဲ့ အမှတ်သင်္ကေတရုပ်ပုံဟာ မဟာဂန္ထာရဲ့ မဟာဂမ္ဘီရပညာများအရ လမ်းစဉ်ပညာခံယူနိုင်ခြင်း (သို့) ပြီးမြောက်ခြင်းကို ကိုယ်စားပြုပါတယ်။

အနောက်တိုင်း မဟာဂန္ထာရဲ့ဂိုဏ်းကြီးတွေမှာ ဂိုဏ်းဝင်ဂိုဏ်းသား တဦးတယောက် ဂိုဏ်းတွင်း အဆင့်မြင့် ပညာရပ် တွေကို ပြီးပြတ်သွားတဲ့အခါ သို့မဟုတ် သင်ယူလေ့ကျင့်ပြီးစီးသွားတဲ့အခါ ဂမ္ဘီရဖလား အမှတ်သင်္ကေတနဲ့ ဂုဏ်ပြုလေ့ရှိကြပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

| | | | |
|---|---|---|---|
| ၄၀ | ဖလားဆယ်ခွက် | မွေးရပ်မြေ၊ ဂုဏ်သိက္ခာ၊ နားလည်သိတတ်မှု၊ ဂုဏ်ဒြပ်၊ ကိုယ်ကျင့်တရား၊ ကျက်သရေ၊ နာမည်ကျော်ကြားမှု | ရန်မာန်ပွားခြင်း၊ ရန်ဘက်များခြင်း၊ ဆန့်ကျင်ခံရမှု၊ မတူညီမှု၊ ခြားနားမှု၊ ပဋိပက္ခဖြစ်ရမှု |
| ၄၁ | ဖလားကိုးခွက် | အောင်မြင်မှု၊ အသာစီးရမှု၊ မှတ်ကျောက်တိုင်၊ အခက်အခဲများကို ကျော်လွှားနိုင်ခြင်း၊ | အမှားအယွင်းများ၊ အားနည်းချက်များ၊ အတိတ်ဆိုးလောင်းရိပ် မပြည့်စုံမှု |
| ၄၂ | ဖလားရှစ်ခွက် | ငယ်ရွယ်ပျိုမြစ်သူ၊ သူငယ်ချင်း သံယောဇဉ်၊ သံယောဇဉ်နှောင်ကြိုး၊ သနားကြင်နာတတ်မှု၊ မြတ်နိုးတွယ်တာမှု၊ | အပျော်လွန်ခြင်း၊ အမြူးလွန်မှု၊ မြူးထူးလွန်ခြင်း၊ သာယာမှုပိုလွန်ခြင်း၊ လွန်ကဲခြင်း |
| ၄၃ | ဖလားခုနစ်ခွက် | အကြံဉာဏ်၊ အသိအမြင်၊ အောက်မေ့ခြင်း၊ အစီအစဉ် | အစီအစဉ်ပျက်ခြင်း၊ ကြိုတင်ရေးဆွဲခြင်း၊ ဖြစ်ပြီးသမျှ ပြည်ဖုံးကား ချမှု၊ အဆုံးအဖြတ် အပြီးသတ်ရမှု၊ |
| ၄၄ | ဖလားခြောက်ခွက် | အတိတ်လောင်းရိပ်က လွတ်မြောက်သွားနိုင်မှု၊ မကောင်းမှုတွေရဲ့ အဆုံးသတ်၊ ကံဆိုးမှုတွေရဲ့ နိဂုံး၊ | အနာဂတ်၊ မသိနိုင်တဲ့ ဖြစ်ရပ်ဆိုး၊ ကံဆိုးတော့မယ့် နိမိတ်၊ အလားအလာ မကောင်းမှု |

mgyoe.com

mgyoe.com SAMPLE BOOK




တားရော့ကတ် ၁၄ – ဖြိုးဖြုံခြင်းကတ်မှာ ပုံဖော်ထားတဲ့ ဖလားနှစ်ခု
အသွင်ပြောင်းလဲမှု၊ ပေါင်းစည်းမှု၊ ခံယူမှု၊ ရောစပ်မှုနဲ့ ထပ်တူဖြစ်မှုကို ဖော်ညွှန်းပါတယ်

| | | | |
|---|---|---|---|
| ၄၅ | ဖလားငါးခွက် | ပေါင်းစည်းခြင်း၊<br>အကြားအစပ်၊<br>ပေါင်းကူးကောင်း၊<br>ထိမ်းမြားလက်ထပ်ခြင်း၊<br>အမွေရခြင်း၊ | ရောက်ရှိခြင်း၊<br>ပေါက်မြောက်ခြင်း၊<br>ပြန်လာခြင်း၊<br>သတင်းကောင်း၊<br>အံ့ဩရမှု၊ တိုက်ဆိုင်သွားတဲ့ ဖြစ်ရပ်တခု |
| ၄၆ | ဖလားလေးခွက် | ငြီးငွေ့ဖွယ်ကောင်းခြင်း၊<br>သာယာဖွယ်မရှိခြင်း၊<br>ကျေနပ်စရာမဖြစ်ခြင်း၊ | သူငယ်ချင်းသစ်ရခြင်း၊<br>နိမိတ်ကောင်းရခြင်း၊<br>ကျေနပ်ဖွယ်ရာဖြစ်မှု |
| ၄၇ | ဖလားသုံးခွက် | အောင်မြင်မှု၊<br>မှတ်ကျောက်တိုင်၊<br>မျက်နှာသာရခြင်း | စီးပွားတက်ခြင်း<br>အလုပ်ဖြစ်ခြင်း၊<br>အစစအရာရာ ရှင်းလင်းပီပြင်ခြင်း၊<br>ခံနိုင်ရည်ရှိခြင်း |
| ၄၈ | ဖလားနှစ်ခွက် | အချစ်၊ ချစ်ခြင်းမေတ္တာ<br>သံယောဇဉ်နှောင်ကြိုး၊<br>ရင်နှစ်သည်းချာ၊<br>တွယ်တာမှု | ဒွိဟဖြစ်စရာခံစားချက်၊<br>အခက်အခဲ အတားအဆီး<br>ဆန့်ကျင်ခံရမှု၊<br>ပုန်ကန်ခံရမှု |
| ၄၉ | ဖလားတစ်ခွက် | အပျော်အပါး<br>အစားအသောက်<br>သာယာကြည်နူးဖွယ်<br>မမေ့နိုင်စရာအမှတ်တရ | အပြောင်းအလဲ<br>အသွင်ပြောင်းလဲမှု<br>အကျင့်ပြောင်းလဲမှု<br>မတည်ငြိမ်မှု |

mgyoe.com

mgyoe.com
SAMPLE BOOK

# SIGNIFICANCE OF SWORD



မဟာဂန္ဓာရီ မဟာဂမ္ဘီရပညာများမှာ မပါမဖြစ် မရှိမဖြစ် အရေးကြီးဆုံးဖြစ်တဲ့ အသုံးအဆောင်တွေ များစွာ ရှိတဲ့အနက် "ဓား" ဟာလည်း ကျိုင်းနဲ့ ဖလားနည်းတူ လေးနက်တဲ့ ဝိသေသလက္ခဏာ ရည်ညွှန်းမှုတွေ ရှိပါတယ်။

လက္ခဏာအားဖြင့် - ခွန်အား၊ သတ္တိ၊ ဘုန်းတန်ခိုး၊ ရဲရင့်မှု၊ တည်ကြည်မှု၊ ပြတ်သားမှု၊ ဇ၊ ဇွဲ၊ ထက်သန်မှု၊ တရားမျှတမှု၊ ခုခံနိုင်မှု၊ ခံနိုင်ရည်ရှိမှု၊ ဖြောင့်မတ်ခြင်းတွေကို ကိုယ်စားပြုပါတယ်။

ဩဇာအာဏာကို ကိုယ်စားပြုသလို၊ ခွန်အားဗလနဲ့ လုပ်ရည်ကိုင်ရည် ဂုဏ်သတ္တိကို ဖော်ညွှန်းတဲ့ အသုံးအဆောင် လက်နက်တခုလည်း ဖြစ်ပါတယ်။

ဂမ္ဘီရ အစီအရင်တွေနဲ့ ဂန္ဓာရီလမ်းစဉ်တွေမှာတော့ ဓားကို လက်နက်အဖြစ်ထက် အသုံးအဆောင် ကိရိယာပစ္စည်း တခုအနေနဲ့သာ အသုံးပြုကြပါတယ်။ အထက်လမ်းစဉ်မှအပ အသက်သွေးနဲ့ ပူဇော်ပြီး ပြုလုပ်ရတဲ့ မှော်အစီအရင်တွေမှာတော့ ယဇ်သား ကို သတ်ဖြတ်ဖို့ရာ အသုံးပြုရတာကြောင့် လက်နက် အဖြစ် အသုံးချကြရပါတယ်။ "ဓား" ဟာ ဘယ်လို အမျိုးအစားပဲ ဖြစ်နေပါစေ သန့်စင်ခြင်း အလုပ်ကိစ္စနဲ့ သိဒ္ဓိတင်မှု အလုပ်ကိစ္စတွေမှာပဲ အသုံးပြုကြပါတယ်။

ဓားဆိုတာက ဘယ်လိုဖြစ်ဖြစ် လက်နက်ပါပဲ၊ ခုခံကာကွယ်ဖို့အတွက်နဲ့ ရန်မာန်အပေါင်းကနေ စောင့်ရှောက်နိုင်ဖို့ရာ တီထွင်ဖန်တီး ကိုင်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီအခြေခံသဘောတရားအတိုင်းပါပဲ၊ ဂမ္ဘီရအစီအရင်မှာ ဓားကို ခုခံကာကွယ်ဖို့နဲ့ မလိုလားအပ်တဲ့ မကောင်းမှု အပတွေကနေ စောင့်ရှောက်ဖို့ရာ ဆောင်ထားကြတာ ဖြစ်ပါတယ်။

တချို့သော ဂန္ဓာရီ လမ်းစဉ်တွေမှာတော့ ဓားက ခုခံကာကွယ်ဖို့ထက်၊ ဝိသေသဂုဏ်ဒြပ် တခုအနေနဲ့သာ ကိုယ်စားပြုပါတယ်။ အထူးသဖြင့် ဓားသွားက အောက်ကို စိုက်ထိုး ထားရပါတယ်။ မင်းဘုရင်တွေနဲ့ စစ်ဘက်ဆိုင်ရာ ဝိသေသတွေမှာတော့ ဓားသွားကို အထက်ထိုးထောင်ထားဟန်နဲ့ ဖော်ကျူးပါတယ်။ အောက်စိုက်ထားတဲ့ သဘောက ဘက်မလိုက်မှုကို ကိုယ်စားပြုပြီး၊ ကျူးကျော်မှု ကျူးလွန်မှု မရှိဘဲ ပကတိအနေအထားမှာ အမြဲရှိနေမှု သဘောသဘာဝကို ရည်ညွှန်းပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


| | | | |
|---|---|---|---|
| ၅၀ | ဓားကိုင်ဘုရင် | ရှေ့နေ၊ ဥပဒေဘက်သား၊ အာဏာ၊ ဩဇာ၊ အမိန့်၊ အကြီးအမှူး၊ စိုးမိုးမှု၊ | ကောက်ကျစ်သူ၊ စဉ်းလဲယုတ်မာသူ၊ အပူအပင်ကြီးသူ၊ အကြောက်လွန်သူ၊ စိတ်အနှောက်အယှက်ဖြစ်ရခြင်း၊ ဝမ်းနည်းမှု |
| ၅၁ | ဓားကိုင်ဘုရင်မ | မုဆိုးမ၊ ဆုံးရှုံးခြင်း၊ သေကြေပျက်စီးခြင်း၊ မရှိခြင်း၊ ပျောက်ဆုံးပျောက်ပျက်ခြင်း၊ ကွေကွင်းရခြင်း | ညဉ်ဆိုးသော အမျိုးသမီး၊ တကိုယ်ကောင်းဆန်တဲ့ အမျိုးသမီး၊ မောက်မာရင့်သီးသူ၊ ညှာတာစိတ်လုံးဝ မရှိခြင်း |
| ၅၂ | ဓားကိုင်စစ်သူရဲ | စစ်သား၊ စစ်ဗိုလ်၊ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်၊ ကျွမ်းကျင်လိမ္မာမှု၊ ခံနိုင်ရည်ရှိမှု၊ နေရပ်လိပ်စာ၊ လှုံ့ဆော်အားပေးခြင်း ရိုးရှင်းမှု | စဉ်းလဲသော အကြံအစည်၊ မရိုးဖြောင့်သော စေတနာဆိုး၊ |
| ၅၃ | ဓားကိုင်မင်းလုလင် | စပိုင်၊ သူလျှို၊ သူခိုး၊ ဓားပြ၊ နောက်ကျောဓားထိုးသူ၊ သစ္စာဖောက်၊ ကလိမ်ကကျစ် | မသိမမြင်ခြင်း မိုက်မဲခြင်း၊ အထောက်အပံ့ဆိုး |



မဟာဂန္ဓာရီရဲ့ အမြင့်ဆုံးအဆင့်ဖြစ်တဲ့ High Mage "မဟာဓိပတိ" ထွက်ရပ်လမ်းစဉ်ကို ပြီးမြောက်သူတွေသာ ခံယူခွင့် ရကြတဲ့ – ဂမ္ဘီရဓားနဲ့ ကပ်ဦးနဂါးတံဆိပ် ဒိုင်းက – အောက်ထိုးထားတဲ့ ဓားပုံနဲ့ လျှာထွက်ပြီး ဘယ်ဘက်ကို လှည့်နေတဲ့ နဂါးပုံ

mgyoe.com

mgyoe.com
SAMPLE BOOK

| | | | |
|---|---|---|---|
| ၅၄ | မားဆယ်ချောင်း | မျက်ရည်၊ ခံစားချက်ဆိုး၊<br>ဗျာပါဒ၊ ဝမ်းနည်းရမှု၊ | အောင်မြင်မှုကို လက်ဝယ်<br>ရရှိခြင်း၊ မမျှော်လင့်ထား<br>တဲ့ ကောင်းခြင်းများစွာ<br>ခံစားရခြင်း |
| ၅၅ | မားကိုးချောင်း | သာသနာနွယ်ဝင်၊<br>ဘုန်းတော်ကြီး၊<br>ရသေ့၊ သူတော်စင်၊<br>အသိဉာဏ်ယှဉ်ခြင်း၊<br>သတိကြီးစွာထားရမှု၊<br>ယုံကြည်သက်ဝင်မှု၊<br>ဓလေ့ထုံးတမ်း | အသုံးမကျမှု၊<br>နောင်တ၊ သံသယ၊<br>အကြောက်တရား၊<br>သင်္ကာမကင်းမှု၊<br>ယုံကြည်ရခက်တဲ့<br>စရိုက်မျိုးရှိသူ |
| ၅၆ | မားရှစ်ချောင်း | နာဖျားခြင်း၊<br>ပေါ့ဆခြင်း၊<br>အပြစ်တင်ခံရမှု၊<br>ဝေဖန်ပြောဆိုခံရခြင်း၊ | အတိတ်ဆိုး နိမိတ်ဆိုး၊<br>မဖြစ်သင့်ပါဘဲ ဖြစ်လာတဲ့<br>ဖြစ်စဉ်ဖြစ်ရပ်များ၊<br>မတော်တဆဖြစ်မှု<br>ဩချလောက်စရာဖြစ်ရပ် |
| ၅၇ | မားခုနစ်ချောင်း | မျှော်လင့်ချက်၊<br>ယုံကြည်မှုခိုင်မာခြင်း၊<br>အလိုဆန္ဒပြည့်စုံခြင်း၊<br>ကြိုးစားအားထုတ်မှု၊<br>တောင်းဆုပြည့်ခြင်း၊ | အကြံကောင်းထွက်ခြင်း၊<br>ချစ်ရေးဆိုခံရခြင်း၊<br>အသိသစ်အမြင်သစ်ရမှု၊<br>အံ့ဩရမှု |
| ၅၈ | မားခြောက်ချောင်း | ကိုယ်စားလှယ်၊<br>တမန်တော်၊<br>အမိန့်စကားပြောသူ၊<br>ခရီးရှည်၊ နယ်ဝေးခရီး၊<br>ပင်လယ်ခရီး | အမိန့်ပြန်တမ်း၊<br>ကြေငြာမှု၊ ဆော်ဩမှု၊<br>အံ့ဩရမှု |

mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၅၉ | ဓားငါးချောင်း | ဝမ်းနည်းပူဆွေးရမှု<br>ငိုကြွေးမြည်းတမ်းရမှု<br>ခံစားချက်ဆိုး | မကြည်မလင်<br>သုန်မှုန်နေရခြင်း<br>စိတ်လေလွင့်နေမှု |
| ၆၀ | ဓားလေးချောင်း | ဇေကစာရိ<br>နောက်ဆုတ်ခြင်း၊<br>အချိန်ယူခြင်း၊<br>စွန့်ပယ်ခြင်း၊<br>ငြင်းဆန်ခြင်း၊<br>ထုတ်ပယ်ခြင်း၊<br>နှုတ်ထွက်ခြင်း | စွန့်စားရမှု<br>အရဲစွန့်ရမှု၊<br>စည်းဘောင်အတွင်း<br>အဆင်ပြေအောင် ကြံဖန်<br>လုပ်ကိုင်ဆောင်ရွက်ရမှု |
| ၆၁ | ဓားသုံးချောင်း | သီလရှင်၊ ယောဂီ၊<br>ကွေကွင်းရခြင်း၊<br>သစ်စိမ်းရိုးချိုး၊<br>ပစ်ပယ်ခြင်း၊ | ရန်ဖြစ်ရခြင်း၊<br>အငြင်းပွားရခြင်း<br>စကားများရခြင်း |
| ၆၂ | ဓားနှစ်ချောင်း | ရောင်းရင်းမိတ်ဆွေ၊<br>ငယ်ပေါင်းကြီးဖော်<br>ရဲရင့်မှု၊ တည်ကြည်မှု၊<br>မျှတမှု၊ ဖြတ်သားမှု | သူငယ်ချင်းအတု၊<br>အတုအယောင်၊<br>အလိမ်အညာ၊<br>လုပ်ကြံဇာတ်လမ်း |
| ၆၃ | ဓားတစ်ချောင်း | အောင်မြင်မှု၊<br>ဉာဏ်ရွှင်ခြင်း၊<br>မျိုးအောင်ခြင်း၊<br>ပြီးပြတ်ခြင်း၊<br>အဖြေထွက်ခြင်း၊<br>ချမ်းသာကြွယ်ဝမှု | အရှက်တကွဲဖြစ်ရမှု၊<br>ဆုံးရှုံးရမှု၊ ရှုံးမိုက်မှု၊<br>မျှော်လင့်ချက်မဲ့တဲ့<br>အချစ်၊ အတားအဆီး<br>အနှောင့်အယှက် |

mgyoe.com

mgyoe.com SAMPLE BOOK

# ဒင်္ဂါး



မဟာဂန္ဓာရီပညာပဲဖြစ်ဖြစ် ဂမ္ဘီရပညာပဲ ဖြစ်ဖြစ် ပညာရပ်အလိုက် အစီအရင်လုပ်တဲ့အခါမှာ မပါမဖြစ်ကတော့ "ဒင်္ဂါး"ပါ။

ကြွယ်ဝချမ်းသာမှု၊ ကောင်းကြီးမင်္ဂလာ၊ ပြီးပြည့်စုံမှု၊ ကုံလုံမှု၊ ကျက်သရေရှိမှု၊ မင်္ဂလာရှိမှု၊ ပေါများမှု၊ ပွားများမှု၊ ရရှိမှု၊ ပိုင်ဆိုင်မှု၊ လက်ဝယ်ဖြစ်မှု၊ လုံခြုံမှု စသဖြင့်ဝိသေသလက္ခဏာတွေ အများကြီး ရှိပါတယ်။

တရုတ်ရိုးရာ ဖုန်းရွှေပညာအရ အစီအရင်နဲ့တကွ ပြုလုပ်ထားတဲ့ အကြွေစေ့၊ ဒင်္ဂါးတွေကို ကိုယ်နဲ့အတူ ဆောင်ယူထားရင် ကံမြင့်အောင် သို့မဟုတ် လိုတိုင်းတတိုင်းရနိုင်အောင် အထောက်အပံ့ပေးနိုင်တယ်လို့ ယုံကြည်ထားကြပါတယ်။ နှစ်သစ်ကာလမှာ ဒင်္ဂါးသစ်တွေကို အနီရောင် ကြိုးထုံးနဲ့ သေချာ ထုံးပြီး အိုးအိမ်တွေမှာ ချိတ်ဆွဲထားခြင်းက စီးပွားလာဘ်လာဘတိုးပွားတယ်လို့ လက်ခံထားကြပါတယ်။

ဂရိတွေရဲ့ ရိုးရာယုံကြည်မှုအရ သေသူရဲ့ မျက်လုံးကို ဒင်္ဂါးနှစ်ခုတင်ပြီး သေရွာသေလမ်းဖြောင့်ဖြူးအောင် အထောက်အပံ့လုပ်ပေးရပါတယ်။ အဲဒီလို ဒင်္ဂါး မထည့်ပေးလိုက်ရင် သေသူအနေနဲ့ ပရလောကမှာ လမ်းပျောက်ပြီး လိုရာခရီး မရောက်နိုင်ဘူးလို့ ယုံကြည်ထားကြပါတယ်။

လမ်းမှာ ကောက်ရတဲ့ အကြွေစေ့ ဒင်္ဂါးလေးတွေမှာ ကံမြင့်စေနိုင်တဲ့ အစွမ်း သတ္တိတွေ ရှိတယ်လို့လည်း Irish လူမျိုးတွေက ယုံကြည်ထားကြပါတယ်။ နိပ္ပွန် (ဂျပန်) တွေဆိုရင် တရုတ်တွေနည်းတူ အကြွေစေ့ ငါးခုကို ကြိုးနီနဲ့ စနစ်တကျ ထုံးဖွဲ့ပြီး နှစ်သစ်မှာ ချိတ်ဆွဲဆုတောင်းရင် အလိုရှိရာဆန္ဒမှန်သမျှ ပြည့်စုံနိုင်တယ်လို့ ယုံကြည်ထားကြပါတယ်။

တားရှောသဘောအရ - ကျိုင်းရဲ့အဓိပ္ပါယ်က - ဂုဏ်သိက္ခာ (သို့မဟုတ်) ဘုန်းတန်ခိုးကြီးကျယ်မြင့်မြတ်မှု၊ ဖလားရဲ့ အဓိပ္ပါယ်က - အစွမ်းသိဒ္ဓိတန်ခိုးတွေကို ခံယူမှု ရရှိမှု၊ ဓားရဲ့ အဓိပ္ပါယ်က - ရဲရင့်မှု တည်ကြည်မှု ပြတ်သားမှု၊ ဒင်္ဂါးရဲ့ အဓိပ္ပါယ်က - ကြီးပွားမှု၊ တိုးတက်မှု၊ မင်္ဂလာရှိမှုတွေကို ကိုယ်စားပြု ရည်ညွှန်းနေကြတာဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK 

| | | | |
|---|---|---|---|
| ၆၄ | ဒင်္ဂါးရှင်ဘုရင် | ကောက်ကျစ်စဉ်းလဲသူ၊<br>မောက်မာခက်ထန်သူ၊ | အကျင့်မကောင်းတဲ့<br>လူရှိသေရှင်ရှိသေ ပုဂ္ဂိုလ်<br>အန္တရာယ်များတဲ့သူ၊<br>သံသယ၊ ကြောက်စိတ်၊<br>မဝံ့မရဲဖြစ်ရမှု၊ |
| ၆၅ | ဒင်္ဂါးရှင်ဘုရင်မ | စိတ်မူမမှန်ဘဲ အပြောင်း<br>အလဲများတဲ့ အမျိုးသမီး၊<br>ကောက်ကျစ်စဉ်းလဲပြီး<br>လူထင်ကြီးခံရအောင်<br>ကြွားလုံးထုတ်တတ်သူ | မကောင်းဆိုးရွား<br>အပယ်ခံပုဂ္ဂိုလ်<br>လူမုန်းခံရခြင်း<br>မလိုမုန်းထားခံရမှု |
| ၆၆ | ဒင်္ဂါးရှင်စစ်သူရဲ | ယုံကြည်ထိုက်သူ၊<br>အသုံးကျသောသူ၊<br>အသိဉာဏ်ပညာရှိသူ၊<br>အမြော်အမြင်ကြီးသူ၊<br>စီးပွားတက်မှု၊ | ရဲရင့်သော်လည်း အလေး<br>မထားခံရခြင်း၊<br>အပျင်းကြီးခြင်း၊<br>အချိန်ဆွဲခြင်း၊<br>အလုပ်လက်မဲ့ဖြစ်ခြင်း၊<br>မသိကျေးကျွန်ပြုခြင်း၊ |
| ၆၇ | ဒင်္ဂါးရှင်မင်းလုလင် | ငယ်ရွယ်ခြင်း၊<br>နုပျိုခြင်း၊<br>အစီအစဉ်တကျဖြစ်ခြင်း၊<br>စီမံခန့်ခွဲခြင်း၊<br>ဦးဆောင်လမ်းပြခြင်း | ပါရမီရင့်သန်ခြင်း၊<br>အသုံးမကျခြင်း၊ |
| ၆၈ | ဆယ်ဒင်္ဂါး | အိုးအိမ်၊ ခြံပြင်၊<br>နေရာထိုင်ခင်း၊<br>ပိုင်ဆိုင်မှု၊ ဥစ္စာဓနေ<br>မိသားစု၊ ဆွေမျိုး | အလောင်းကစား၊<br>အကြမ်းဖက်မှု၊<br>လက်ဝါးကြီးအုပ်မှု၊<br>ခိုးခံရမှု၊ ပျောက်ဆုံးမှု |
| ၆၉ | ကိုးဒင်္ဂါး | တိတ်တခိုး၊ ဉာဏ်ပြေးမှု | လိမ်ခံရမှု၊ လုပ်ကြံ<br>ဇာတ်လမ်း၊ မပီရိခြင်း |

mgyoe.com

mgyoe.com SAMPLE BOOK

| | | | |
|---|---|---|---|
| ၇၀ | ရှစ်ဒဂရီး | လှပခြင်း၊ နုပျိုခြင်း၊ ပြည့်စုံခြင်း၊ ကြွယ်ဝခြင်း၊ | ရည်ရွယ်ချက်ကြီးခြင်း၊ အကျိုးအမြတ်ရှိခြင်း၊ အပူအပင်ကြီးရခြင်း |
| ၇၁ | ခုနစ်ဒဂရီး | ငွေကြေးပိုင်ဆိုင်မှု၊ ဥစ္စာဓနပေါ်ကြွယ်မှု၊ ဘဏ္ဍာရေးကိစ္စ ရရှိမှု၊ အကျိုးအမြတ် | အနှောင့်အယှက်၊ သနားကြင်နာမှု၊ ဖြစ်ချင်စိတ်၊ ရလိုစိတ်၊ ထက်သန်စိတ်၊ |
| ၇၂ | ခြောက်ဒဂရီး | တံစိုးလက်ဆောင်၊ ကျေးဇူးတင်ခံရခြင်း | ရည်ရွယ်ချက်ကြီးခြင်း ဝမ်းနည်းကြေကွဲခြင်း ဆန့်ကျင်ဘက်ဖြစ်ခြင်း |
| ၇၃ | ငါးဒဂရီး | ချစ်သူရည်စား၊ ချစ်ခြင်းမေတ္တာ၊ သန့်ရှင်းသောချစ်ခြင်း | ရွှံ့ရှာဖွယ်အချစ်၊ တပ်မက်မှု ရမ္မက် တွယ်တာမှုသက်သက်၊ အစွဲအလမ်းကြီးခြင်း |
| ၇၄ | လေးဒဂရီး | သာယာမှု၊ ပျော်ရွှင်မှု၊ ကျေနပ်မှု၊ သဘောကျ နှစ်သက်ရမှု | အတားအဆီး၊ အပိတ်အပင်၊ အကန့်အကာ |
| ၇၅ | သုံးဒဂရီး | သူကောင်းနွယ်ဝင်၊ မြင့်မြတ်သူ၊ ကြီးမြင့်သူ၊ ဂုဏ်ရှိသူ၊ ရာထူးကြီးသူ၊ အထက်လူကြီး | သားသမီး ငယ်ရွယ်သူ လက်အောက်ငယ်သား |
| ၇၆ | နှစ်ဒဂရီး | အရှက်ရမှု၊ ဂုဏ်သိက္ခာမဲ့မှု ပြဿနာရှာခံရမှု | ပေးစာ သတင်းစကား အတင်းစကား |
| ၇၇ | တစ်ဒဂရီး | ပြည့်စုံမှု၊ ပြီးပြတ်မှု | ငွေ၊ ပိုင်ဆိုင်မှု၊ အကျိုးအမြတ် |

mgyoe.com

mgyoe.com SAMPLE BOOK 

# ဇောက်ထိုးချင်းတူပေမဲ့ သီးခြားအဓိပ္ပါယ်ရှိတဲ့ကတ်တွေ

| | | |
|---|---|---|
| ၂၄ | ကျိုင်းကိုင်စစ်သူရဲ | ရန်ဖြစ်ရတတ်၊ စကားများ ငြင်းခုံရတတ်၊ ငွေကြေး ပိုင်ဆိုင်မှု ပျောက်ဆုံးပျက်စီးတတ်၊ |
| ၂၅ | ကျိုင်းကိုင်မင်းလုလင် | မကောင်းသတင်း ကြားရတတ်၊ အနိဋ္ဌာရုံတွေ မြင်ရ ကြားရတတ်၊ မသိလိုတဲ့သတင်းစကားကြောင့် စိတ် ပင်ပန်းဆင်းရဲရတတ် |
| ၃၄ | ကျိုင်းနှစ်ချောင်း | ကတ်နံပါတ် (၃၄, ၄၉) ဇောက်ထိုးကျတာချင်း တူခဲ့ ရင် သတင်းကောင်း ကြားရတတ်၊ ပျော်ရွှင်ဖွယ်တွေနဲ့ ကြုံရတော့မယ့်ကိန်း၊ |
| ၃၈ | ဖလားရှင်စစ်သူရဲ | (၃၈) ကတ် ဇောက်ထိုးထွက်ပြီးမှ နောက်ကတ်က (၅၄) ကတ် ဇောက်ထိုးဖြစ်နေရင် ဝမ်းနည်းကြေကွဲ ကိန်းနဲ့ကြုံရနိုင်၊ (၃၉) ကတ် ဇောက်ထိုးထွက်လာရင် တံစိုးလက်ဆောင်တွေနဲ့ လူရွယ်တယောက် ကိုယ့်စီ ရောက်လာတတ်ပါတယ်။ |
| ၄၃ | ဖလားခုနစ်ခွက် | စီစဉ်ထားသမျှ အဆင်မပြေဖြစ်တတ်၊ မျှော်လင့်ထား သလို ဘာမှ ဖြစ်မလာဘဲ အဖျားရှူးသွားတတ် |
| ၄၄ | ဖလားခြောက်ခွက် | စိတ်ထဲ ထင်ထားသမျှ လက်တွေ့ ဖြစ်လာတတ်၊ အထုပ်ကြီး အထည်ကြီး ရကိန်း |
| ၄၆ | ဖလားလေးခွက် | မထင်ထားတာတွေ ဖြစ်လာပြီး စိတ်ပင်ပန်းဆင်းရဲ ရတတ်၊ ဝမ်းနည်းကြေကွဲရတတ်၊ အသည်းကွဲကိန်း |
| ၅၁ | ဓားကိုင်ဘုရင်မ | ပျောက်သွားသမျှ ပြန်တွေ့မယ့်ကိန်း၊ ထွက်သွားသူ ပြန်လာမယ့်ကိန်း၊ မရှိတော့သမျှ ပြန်ရမယ့်ကိန်း |
| ၅၃ | ဓားကိုင်မင်းလုလင် | မထင်ထားတဲ့ဖြစ်ရပ်တွေနဲ့ အကြောင်းတိုက်တိုက် ဆိုင်ဆိုင် ရင်ဆိုင်ရပြီး ကံဇာတာ ပြောင်းလဲမယ့်ကိန်း |

mgyoe.com

mgyoe.com SAMPLE BOOK

| | | |
|---|---|---|
| ၅၅ | ဓားကိုးချောင်း | ယုံကြည်လို့ လုံးဝ မရနိုင်တဲ့ ပုဂ္ဂိုလ်ကို ပြခြင်း |
| ၅၆ | ဓားရှစ်ချောင်း | အတိတ်ဆိုးက ရန်သူဟောင်း ပြန်ပေါ်မယ့်ကိန်း |
| ၅၇ | ဓားခုနစ်ချောင်း | အနာဂတ်မှာ ရင်ဆိုင်ရမယ့် ရန်သူတော်ကို ကြိုသိခွင့် ရမယ့်ကိန်း |
| ၆၀ | ဓားလေးချောင်း | လိုအပ်နေတာတွေကို မြင်သိနိုင်မယ့်ကိန်း |
| ၆၁ | ဓားသုံးချောင်း | ပျောက်ဆုံးသွားသမျှ ပြန်ရမယ့်ကိန်း |
| ၆၂ | ဓားနှစ်ချောင်း | အနီးအနားက သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးရဲ့ နောက်ကျောဓားထိုးခံရနိုင်ကြောင်းပြခြင်း |
| ၆၅ | ဒင်္ဂါးရှင်ဘုရင်မ | (၆၅) ကတ် ဖောက်ထိုးထွက်ပြီးနောက် (၃၁) ကတ် အတည့်ထွက်လာရင် ကံအလှည့်အပြောင်း အကြီးအကျယ်ခံရပြီး အခြေအနေဆိုးသွားနိုင်မယ့်ကိန်း |
| ၆၇ | ဒင်္ဂါးရှင်မင်းလုလင် | (၅၇) (၆၇) ကတ်တွေထဲက တခုခု ဖောက်ထိုး ထွက်လာခဲ့ရင် သူများကိစ္စ ဝင်ပါမိလို့ သူများအပူကြောင့် ကိုယ်ပါ ဒုက္ခရောက်နိုင်ကြောင်း ပြခြင်း |
| ၇၁ | ခုနစ်ဒင်္ဂါး | လက်ရှိပူပန်နေရတဲ့ အကြောင်းအရင်းကို နောက်ကတ်က အဖြေထုတ်ပေးပါလိမ့်မယ် |
| ၇၃ | ငါးဒင်္ဂါး | ကိုယ့်အပေါ် ချစ်မေတ္တာဝင်နေတဲ့သူ ဘယ်သူဆိုတာ နောက်ကတ်က အဖြေပေးပါလိမ့်မယ် |

**တားရော့ကတ်တွေရဲ့ ကိုယ်စားပြုအဓိပ္ပါယ်တွေ ပြီးပါပြီ။**

mgyoe.com

mgyoe.com

SAMPLE BOOK



# ရွှေ့ဖြစ်ဟောနည်းစနစ်များ

တားရော့ကတ်ဟောပုံဟောနည်း အများကြီးရှိတဲ့အနက် ရွေးအကျဆုံးသော ဟောနည်း(၂) နည်းနဲ့အတူ ဟာမစ်တစ်အယူတော်ခံ ရွှေအရဏ်ဦးဂိုဏ်းမှာ လက်ခံထားတဲ့ ဟောနည်း (၂) နည်း စုစုပေါင်း (၄) နည်းကို မျှဝေသွားမှာဖြစ်ပါတယ်။

ကံကြမ္မာနဲ့ နပန်းသတ်ပြီး ကစားရတဲ့ ဖဲချပ်ကစားနည်းကို ဘဝရေးရာ အဖြေအတွက် ဟောကိန်းထုတ်ရတဲ့ အလုပ်ကိစ္စဖြစ်တာကြောင့် လုံးဝ ပေါ့ဆလို့ မရတာကို သိထားဖို့ လိုပါတယ်။ ကံအလှည့်အပြောင်းတခုက ဘဝတခုမက မြောက်များစွာအပေါ် သက်ရောက် လွှမ်းမိုးနိုင်တဲ့ အချက်ကိုလည်း အမြဲ မှတ်ထားဖို့ လိုအပ်ပါတယ်။

အီဂျစ်နန်းတွင်း ရွှေ့ဖြစ်ဟောနည်းတွေအရ ရွေးအကျဆုံးသော တားရော့ဟောနည်း (၂) နည်းကတော့ -

(၁) ငါးကတ်ဟောနည်း နဲ့

(၂) ကိုးကတ်ဟောနည်းတို့ပဲ ဖြစ်ပါတယ်။

ရွှေအရဏ်ဦးဂိုဏ်းတွင်း လက်ခံကျင့်သုံးတဲ့ တားရော့ကတ်သုံး ရွှေ့ဖြစ်ဟောနည်း အများကြီး ရှိတဲ့အနက် အထိရောက်ဆုံးဖြစ်သလို၊ အလွယ်ကူဆုံး ဟောနည်း (၂) နည်းကတော့ -

(၁) ဝေပုံကျ (၁၁) ကတ် ဟောနည်းနဲ့

(၂) ပိရမစ် (၁၀) ကတ် ဟောနည်း တို့ပဲ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


SAMPLE BOOK

တားရော့ဟောနည်းတွေကတော့ စတင်ခေတ်စားခဲ့တဲ့ အချိန်ကစလို့ နောင်နှစ်ပေါင်းများစွာထိတိုင် ဟောနည်းသစ်တွေ ထွက်လာဦးမှာ ဖြစ်ပြီး၊ အာစရိယောဝါဒကြောင့် ဟောနည်းတွေ တမျိုးပြီးတမျိုး ရှိနေကြဦးမှာပါ။ဘယ်ဟောနည်းက မှန်ပါတယ် မှားပါတယ် ကျွန်တော် မပြောလိုပေမဲ့၊ ဟောလို့ မရနိုင်တဲ့ ဟောပုံဟောနည်း စနစ်နဲ့၊ အနက် အဓိပ္ပါယ်ဖွင့်လို့ မရတဲ့ ကတ်ထွက်ပုံတွေ ရှိပါတယ်။

ရှေ့ဖြစ်ဟောနည်းစနစ်တွေကို မချပြသေးခင်၊ ဟောနည်းအတုနဲ့ ကတ်ထွက်ပုံတွေရဲ့ မျက်ပုံတွေကို အရင်မျှဝေလိုက်ပါတယ်။ (မျက်တယ်ဆိုတာက ရှေ့ဖြစ်ဟောနည်းစကားတခုပါ၊ အရိုးဆူးတဲ့အခါ ခိုးလို့ခုလုဖြစ်သလို အနက်မျက်ရင် ဟောလို့ မရပါဘူး။)

တားရော့ကတ် အမျိုးအစားအလိုက် အနက်အဓိပ္ပါယ်တွေ တူနေတတ်ပြီး၊ တခုနဲ့ တခု အလားတူနေတာမျိုးဆိုရင် မျက်ပါတယ်။ အမျိုးအစားအလိုက် ကတ်အနေအထားချင်း တူနေပြန်ရင်လည်း မျက်ပါတယ်။

ဥပမာ - ဟောနည်းစနစ်အရ ကတ်ချထားပုံမှာ အဓိပ္ပါယ်လည်း တူနေပြီး ဇောက်ထိုး ဖြစ်နေတာချင်းပါ တူနေခဲ့ရင် မျက်ပါတယ်။ ကတ်နံပါတ် (၉) ရသေ့ကတ် ဇောက်ထိုးထွက်သလို၊ ဘေးချင်းကပ်လျက် ကတ်နံပါတ် (၀) သူရူးကတ်လည်း ဇောက်ထိုး ထွက်လာခဲ့ရင် မျက်သွားပါပြီ။




ရှေ့ဖြစ်ဟောလို့ မရတော့တဲ့ ကတ်မျက်များ

mgyoe.com

mgyoe.com SAMPLE BOOK



ကတ်နံပါတ် (၃၉) နဲ့ ကတ်နံပါတ် (၄၂) အတည့်ထွက်တာချင်း တူနေပြီး ဘေးချင်း ကပ်လျက် ဖြစ်နေခဲ့ရင် မျက်ပါတယ်။ သူတို့ရဲ့ ပင်ကို ကတ်အနက်အဓိပ္ပါယ်ဆောင်မှုတွေက တူညီနေတဲ့အခါ ဟောကိန်း ထုတ်လို့ မရတော့ပါဘူး။ မျက်သွားတဲ့အတွက် ကတ်ပယ်တွေ ဖြစ်သွားပါတယ်။

ဒါကြောင့် ရှေ့ဖြစ်ဟောတဲ့အခါ မဟောခင် အရင်ဆုံး အမျက်သင့်တဲ့ ကတ်ပယ်တွေကို အရင်ရှာပါ။ ပြီးရင် မှတ်ထားပါ။ ရှေ့ဖြစ်မေးသူရဲ့ စိတ်နှလုံး မသက်မသာ ဖြစ်သွားတာမျိုး မဖြစ်ရလေအောင် မှောက်လိုက်တာတို့ ဖယ်လိုက်တာတို့ မလုပ်ပါနဲ့။ ကိုယ့်အသိနဲ့ပဲ မှတ်ထားပြီး ဟောကိန်းထုတ်တဲ့အခါ ကျဉ်လိုက်ပါ။ ထည့်မတွက်ပါနဲ့။ တကယ်လို့ ဟောနည်းစနစ်အရ ပယ်ကတ်တွေ များသွားလို့ ဟောကတ် မလုံလောက်သလို ဖြစ်သွားခဲ့ရင် ကတ်သစ် ထပ်ထုတ်လိုက်ပါ။

!!! ဉာဏ်ယှဉ်ပြီး လုပ်ရပါမယ်။ !!!

ကတ်မျက်သွားတိုင်း ဟောလို့ လုံးဝ မရတော့တာမျိုး မဟုတ်ပါဘူး။ မြင်တတ်ကြည့်တတ်ရင် ဟောလို့ ရပါတယ်။ ကတ်တိုင်း ပင်ကိုအဓိပ္ပါယ်နဲ့ ဝိသေသသီးသန့်ဆီ ရှိပြီးဖြစ်ပါတယ်။ အနက်တူသွားတိုင်း မျက်သွားကြပေမဲ့၊ ဝိသေသအားဖြင့် ချန်ထားလို့ မရပါဘူး။ ကတ်မျက်တွေ များသွားလို့ ဟောကတ်တွေ ထပ်ထုတ်တဲ့အခါ (၃) ကတ်ထက် ပိုပြီး ထုတ်လို့ မရပါဘူး။ ဒါကြောင့် (၃) ကတ်ကို အခြေခံပြီး ကတ်မျက်တွေနဲ့ လျှို့ဝှက်နေတဲ့ အဖြေတွေကို ဖော်တတ်ရပါမယ်။

တားရော့ကတ်က လမ်းညွှန်စာအုပ်ကြီးချထားပြီး ဟောရတဲ့ ပညာမဟုတ်ပါဘူး။ အဲ့ဒီလို ဟောလို့ ရနိုင်ပေမဲ့ နက်နဲတဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်နိုင်မှာ မဟုတ်ပါဘူး။ ပင်ကို အသိစိတ်နဲ့ ဂမ္ဘီရပညာတွေရဲ့ ထုံးစံအတိုင်း စိတ်တန်ခိုးနဲ့တွဲပြီး အဖြေဖော်ရတဲ့ ပညာဖြစ်ပါတယ်။


ကတ်တွေရဲ့ နောက်ကွယ်က အဖြေတွေကို ဖော်နိုင်ဖို့ အတွေ့အကြုံနဲ့ ပညာလိုအပ်ပါတယ်။ ဒါကြောင့် ကတ်တွေရဲ့ ပင်ကိုဝိသေသလက္ခဏာတွေကို ကျက်မှတ်ထားပါ။ မျက်တတ်တဲ့သဘောသဘာဝရဲ့ နောက်ကွယ်က အကြောင်းတရားကို သိအောင် မြင်အောင် ကြည့်ပါ။ ဘာကို ပြောချင်နေတာလဲဆိုတာနဲ့ ဘာအတွက် နိမိတ်ပြနေတာလည်း သိအောင် ကြည့်ပါ။ ကတ်ကို မြင်တိုင်း ချက်ချင်း ဟောကိန်း မထုတ်ပါနဲ့။ မြင်တဲ့အတိုင်း ပြနေတာလည်း ဖြစ်ချင်မှ ဖြစ်မှာပါ။ ဂမ္ဘီရသိပ်ဆန်တဲ့ ပညာကို အပေါ်ယံ အလွယ်လေးနဲ့ ကိုယ့်စိတ်ထဲ ထင်ထားသလောက်ကို လုံလောက်နိုင်ပြီ မတွေးမိပါစေနဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK

# ငါးကတ်ဟောနည်း

တားရော့ကတ်သုံး ရှေ့ဖြစ်ဟောနည်းတွေမှာ ရှေးအကျဆုံးနဲ့ အားကိုးထိုက်ဆုံး ဟောနည်းစနစ်ကတော့ "ငါးကတ်ဟောနည်း" ဖြစ်ပါတယ်။ ညာဘက်ကနေ ဘယ်ဘက် ငါးကတ်တိတိ အစဉ်အတိုင်းချပြီး ဟောရတဲ့ နည်းစနစ်ဖြစ်ပါတယ်။ ဖဲထုပ်ထဲက ထွက်လာတဲ့အတိုင်း အတည့်ကို အတည့်၊ ဇောက်ထိုးကို ဇောက်ထိုး ထားပြီး နိမိတ်ယူရပါတယ်။




ကတ် (၅) ကတ် (၄) ကတ် (၃) ကတ် (၂) ကတ် (၁)

ညာမှ ဘယ်သို့ အစဉ်အတိုင်း ချသွားရပါမယ်။

ကတ်နံပါတ် (၁) ရဲ့ မူလနိမိတ် - ကာယကံရှင်ရဲ့ခံစားချက်ကို ပြောပြနေတဲ့ ကတ်ဖြစ်ပါတယ်။

ကတ်နံပါတ် (၂) ရဲ့ မူလနိမိတ် - ကာယကံရှင်ရဲ့ လက်ရှိ လိုအင်ဆန္ဒကို ပြောပြနေတဲ့ ကတ်ဖြစ်ပါတယ်။

ကတ်နံပါတ် (၃) ရဲ့ ဘူတနိမိတ် - ကာယကံရှင်အနေနဲ့ သတိထားရမယ့် အလားအလာရှိ အန္တရာယ်တွေကိုပြနေတဲ့ ကတ်ဖြစ်ပါတယ်။

ကတ်နံပါတ် (၄) ရဲ့ ဘူတနိမိတ် - ဖြစ်လာနိုင်တဲ့ အနာဂတ်ကို ပြဆိုတဲ့ ကတ်ဖြစ်ပါတယ်။

ကတ်နံပါတ် (၅) ရဲ့ ပဓာနနိမိတ် - ကာယကံရှင်အပေါ် စိုးမိုးနေတဲ့ အကြောင်းအရာတွေကို ပြဆိုတဲ့ ကတ်ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


# နိမိတ်ကတ်ထုတ်ပုံ


သမားရိုးကျ ဖဲထုပ်မွှေနည်းအတိုင်း တားရော့ကတ် ၇၈ ကတ်လုံးကို မွှေပါ။ အားပါးတရ နှံ့နေအောင် မွှေပြီးသွားတော့မှ ရှေ့ဖြစ်မေးလိုသူ ကာယကံရှင်ကို ဖဲချိုးခိုင်းပါ။ ချိုးလိုက်တဲ့ အပေါ်ဖဲထုပ်ထဲက ဖဲချပ်တွေရဲ့ အောက်ဆုံးကတ်ကနေ အစဉ်တိုင်း ငါးကတ် ယူပြီး ချထားရမှာ ဖြစ်ပါတယ်။

စားပွဲပေါ် ချတဲ့အခါ အထူးမှတ်ထားရမှာက ဟောသူရော မေးသူပါ မသိအောင် မှောက်လျက်အနေအထားနဲ့ ချရမှာဖြစ်ပါတယ်။ မေးသူဘက်က စိတ်ကြည်လင်သွားပြီး အသင့်ဖြစ်ပြီဆိုတော့မှ ကတ်(၁)က စပြီး တကတ်ချင်း လှန်ပါ။ ငါးကတ်လုံး လှန်ပြီးသွားတဲ့ အခါ မျက်တဲ့ကတ်ပါမပါစစ်ပါ။

ကတ်မျက်ပါလာရင် ဟောကတ်နောက်တကတ် ထုတ်ရပါမယ်။ ဘေးနား ချထားတဲ့ ချိုးကပ်ထုပ်ထဲက အောက်ဆုံးကတ်ကို မေးသူက ယူပေးရမှာ ဖြစ်ပါတယ်။ ဟောသူက မယူရတော့ပါဘူး။ ထပ်တိုးကတ်တွေဖြစ်တဲ့အတွက် မေးသူရဲ့ ကံအတိုင်း လွှမ်းမိုးမှုတွေကနေ ကင်းနေရမှာ ဖြစ်ပါတယ်။

ထပ်တိုး ဟောကတ်ကို ကတ်မျက်ရဲ့ အောက်မှာ ထားပါ။




ညာမှ ဘယ်သို့ အစဉ်အတိုင်း ချသွားရပါမယ်။ ကတ်နံပါတ် (၄) နဲ့ (၅) က မျက်နေတဲ့အတွက် နံပါတ်လေးကတ်အတွက် ထပ်တိုး ဟောကတ်ထုတ်ပါ။ ပြီးတော့မှ နံပါတ်ငါးကတ် အတွက် ထပ်တိုး ဟောကတ် ထပ်ထုတ်ပါ။ ထပ်တိုး သုံးကတ် ထက် ပိုပြီး ထုတ်လို့ မရပါဘူး။ ကတ်မျက်များလို့ ကျန်ရင် ရှိတဲ့ ကတ်နဲ့ အရှိအတိုင်းပဲ ဟောရပါတယ်။

mgyoe.com